# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၉)ရက် ၊ တနင်္ဂနွေနေ့ ၊ (20-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့ရှိ ဖျင်လုတုးမြောင်းနှင့် အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းတို့ကို ကြည့်ရှုလေ့လာပြီး ကွမ်ကျိုးမြို့တော်ဝန်ကို လက်ခံတွေ့ဆုံ



ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့ရှိ ဉာဏ်ရည်တု(AI)နည်းပညာအသုံးပြု၍ အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို ကြည့်ရှုလေ့လာစဉ်။

**ကွမ်ကျိုး စက်တင်ဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ရောက်ရှိပြီး ကွမ်တုန်းပြည်နယ် ကွမ်းကျိုးမြို့တော်ဝန် မစ္စတာ စွန်းကျီယန်အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊

စာမျက်နှာ ၁၇ ကော်လံ ၁

## System Breakdown ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

**နေပြည်တော် စက်တင်ဘာ ၁၉**

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှုမရှိသည့်အခြေအနေတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်များဖြင့် ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့အခြေအနေတွင် ယနေ့ညနေ ၅ နာရီ ၂၆ မိနစ်၌ ကေဗွီ ၂၃၀ ရွှေတောင်-မြောင်းတကာ အမှတ်(၁)နှင့် (၂)ဓာတ်အားလိုင်းတို့တွင် အပြစ်ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတစ်ဝန်း ဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါချို့ယွင်းသွားသော ကေဗွီ ၂၃၀ ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းကို တာဝန်ရှိဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးနေစဉ်အတွင်း ပြည်သူများ ဓာတ်အားပြတ်တောက်မှုကြန့်ကြာမှုမရှိစေရန်အတွက် အဆိုပါလိုင်းပြင်ဆင်ပြီးစီးသည်ထိ စောင့်ဆိုင်းခြင်းမပြုဘဲ အခြားသော ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ဓာတ်အားစနစ် အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေး ချက်ချင်းကြိုးပမ်းချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီ ၃၈ မိနစ်မှစတင်၍ ပေါင်းလောင်းဓာတ်အားပေးစက်ရုံမှလည်းကောင်း၊

စာမျက်နှာ ၂၀ ကော်လံ ၄

## "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ

စာမျက်နှာ ၂၁ ကော်လံ ၁

## ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**


ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားသည့်နေရာနှင့် စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂)နှင့် (၁၂/၃)ကြားရှိ စွန့်ပစ်တာအလျားပေ ၁၆၀ နှင့် အနံ ၁၅ ပေခန့် တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတာကိုယ်ထည် တိုက်စားခံရမှု

စာမျက်နှာ ၂၀ ကော်လံ ၁

နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။





## လေဖိအားနည်းရပ်ဝန်း ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနိုင်ကာ နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့လည်းကောင်း၊ နောက် ၇၂ နာရီအတွင်း

စာမျက်နှာ ၂၀ ကော်လံ ၁

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

ဉာဏ်ရည်တုနည်းပညာဖြင့် ဒစ်ဂျစ်တယ်အနာဂတ်ကို တည်ဆောက်မည့် ကမ္ဘောဒီးယား

ဆောင်းပါး

စာမျက်နှာ - ၂၈

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်

မြန်မာနိုင်ငံသည် ရေမြေတောတောင် ရာသီဥတုနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့်အားလျော်စွာ စိုက်ပျိုးမွေးမြူရေးကို အဓိကအခြေပြုသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသ၌ မှီတင်းနေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မိမိတို့၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နေကြခြင်းဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်တောင့်တင်းခိုင်မာမှုသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်အောင်မြင်မှုနှင့် ဆက်စပ်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို သာမန်ကုန်ကြမ်း (Raw Materials) အဆင့်မျှဖြင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းသည် ရသင့်ရထိုက်သော စီးပွားရေးအကျိုးအမြတ်ကို အပြည့်အဝမရရှိနိုင်ပေ။ ၎င်းကုန်ကြမ်းများကို စက်မှုနည်းပညာဖြင့် အဆင့်မြှင့်တင်၍ တန်ဖိုးမြှင့်ကုန်ချော (Value-Added Products) များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ (Agro-based Industries) ကို အရှိန်အဟုန်မြှင့်၍ တိုးချဲ့ထူထောင်ခြင်းဖြင့် နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ကို သိသိသာသာ တိုးမြင့်လာစေမည်ဖြစ်သည်။

မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းနှင့် ရော်ဘာတို့အပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းမှထွက်ရှိသည့် အသား၊ ငါး၊ ပုစွန်များသည် ပြည်တွင်းစားသုံးမှုဖူလုံရုံမျှမက ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်မည့် အလားအလာကောင်းများစွာ ရှိနေပြီဖြစ်သည်။ ဤအခြေအနေတွင် အဆိုပါကုန်ကြမ်းများကို အခြေခံသည့် အစားအသောက်ပြုပြင်မွမ်းမံသည့် စက်ရုံများ၊ အအေးခန်းစက်ရုံများ၊ တိရစ္ဆာန်အစာစပ်စက်ရုံများနှင့် အထည်အလိပ်လုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျ တိုးချဲ့မြှင့်တင်ရပေမည်။

ဤသို့ စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် တောင်သူလယ်သမားများအတွက် ခိုင်မာသောပြည်တွင်းဈေးကွက်နှင့် တည်ငြိမ်သောဈေးနှုန်းကို ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါလုပ်ငန်းများနှင့်ဆက်စပ်၍ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို အမြောက်အမြား ဖန်တီးပေးနိုင်မည်ဖြစ်သည်။ သာမန်ကုန်ကြမ်းထက် တန်ဖိုးများစွာသာလွန်သော ကုန်ချောများတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများကို ပိုမိုတိုးတက်ရရှိစေမည်ဖြစ်သည်။

မွေးမြူရေးနှင့် လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားခြင်းသည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုကို အာမခံချက်ပေးနိုင်ရုံမျှမက၊ ၎င်းကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည့် ရွှေရောင်အခွင့်အလမ်းပင်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံ၏ စီးပွားရေးမဏ္ဍိုင်တောင့်တင်းခိုင်မာပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်တက်လှမ်းနိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ပါဝင်ဆက်စပ်နေသူများအားလုံး ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်တင်ပို့သည့် နည်းပညာအခြေပြုနိုင်ငံအဆင့်သို့ အောင်မြင်စွာကူးပြောင်းရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၂၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၂၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်းစတဲ့ သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင်စိုက်ပျိုးဖို့ စတဲ့နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ပဲလွန်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပဲလွန်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် စက်တင်ဘာလပထမပတ်မှ ယနေ့ထိ ပဲလွန်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွန်းဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် အခြားဈေးကွက်များကပါ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ပဲလွန်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ပဲလွန်းဖြူတွေက အရည်အသွေးကောင်းတာကြောင့်လဲ အခုလို အရောင်းအဝယ်ကောင်းနေတာပါ။ တစ်ရက်တာ ရောင်းအားအနေနဲ့ ပဲလွန်းဖြူ ၂၄ ပြည်ဝင် အိတ်ရေ ၃၀၀ ကနေ ၇၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိဒေသမှာ ပဲလွန်းဖြူ အသစ်တွေ မထွက်သေးပါဘူး"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ပဲလွန်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ငှက်ကြီးသိုက်ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျားပစ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# စဉ့်ကိုင်မြို့နယ် ရေကင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ထန်းတောကျေးရွာအုပ်စု ရေကင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရေကင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရေကင်းကုန်းကျေးရွာ၌ အရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်း စုစုပေါင်းငွေကျပ် သန်း ၂၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ယခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုလီမိတက်၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ချမ်းအေးသာစံ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌေးက လုပ်ငန်းဆိုင်ရာများ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာများ၊ အသင်း၏ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပြုထောက်ခံစနစ်ဖြင့် အမှုဆောင်အဖွဲ့ကို ရွေးချယ်ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များက သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာ ခံယူကြကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဖူးစားပြောင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ခြင်း၏အကျိုးကျေးဇူးအကြောင်း စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ခြင်း၏ အကျိုးကျေးဇူး အကြောင်း အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်သုံးသပ်နိုင်မှု၊ စကားလုံးအသုံးအနှုန်းပိုမိုကြွယ်ဝလာပြီး သဒ္ဒါနှင့်အရေးအသားစွမ်းရည်များ တိုးတက်လာစေရန်၊ တွေးခေါ် မြော်မြင်နိုင်စွမ်းနှင့် အာရုံစူးစိုက်နိုင်စွမ်း တိုးတက်လာစေရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကိုကျင်းပရာ မြို့ပေါ်ရှိ အခြေခံပညာကျောင်းလေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက နှံကားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှံကားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်းက ရန်ကုန်ဈေးကွက်ကို နှံကားဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံကားဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့မှုကောင်းလာတာဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါနှံကားဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ရာမကဗျာလင်္ကာ သုံးပုဒ်

ပြေအေးသက်

> ❖ ရာမာယနသည် အိန္ဒိယစာပေယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းကို များစွာလွှမ်းမိုးရုံသာမက ဟိန္ဒူဂုရုကြီးများ၏သွန်သင်ဆုံးမမှုဓမ္မကိုညွှန်ပြသည့် ဘာသာရေးကျမ်းတစ်စောင်လည်းဖြစ်သည်။ ရာမာယနသည် တမီလ်၊ ဟိန္ဒီ၊ ဘင်္ဂါလီ စသည့်စာပေများတွင် လွှမ်းမိုးသည်သာမက အရှေ့တောင်အာရှသို့ပါ အေဒီ ရှစ်ရာစုခန့်တွင် စာပေ၊ ဂီတ၊ အက၊ ရုပ်သေးတို့အဖြစ် ရောက်ရှိပျံ့နှံ့ခဲ့သည်။ ထို့ပြင် ပန်းချီ၊ ပန်းပု အစရှိသည့် အနုပညာရပ်များတွင်လည်း ရာမာယနကို အထင်အရှားတွေ့နိုင်သည်။ သက္ကတစာပေတွင် စွမ်းရည်ပြလင်္ကာကြီးနှစ်စောင်ရှိရာ၌ ရာမာယနသည် တစ်စောင်ဖြစ်ပေသည်။❖

ရာမာယနနှင့်ပတ်သက်၍ မြန်မာစာပေလောကတွင် စကားပြေ သုံးပုဒ်၊ ကဗျာလင်္ကာ သုံးပုဒ်နှင့် ပြဇာတ် သုံးပုဒ်တွေ့ရပြီး ကဗျာလင်္ကာ သုံးပုဒ်မှာ ဦးအောင်ဖြိုး၏ ရာမသာချင်း(၁၇၇၅ခုနှစ်)၊ ဦးတိုး၏ ရာမရကန်(၁၇၈၄ ခုနှစ်)နှင့် ဆရာထွန်း(စစ်တွေ)၏ အလောင်းရာမသာချင်း(၁၉၀၅ခုနှစ်)တို့ ဖြစ်သည်ဟု စာပေဗိမာန်စာမူဆုရ မင်းသျှင်အောင်(တွံတေး)၏ ရာမဇာတ်ထဲက ရေကျော်မောင်မောင် စာအုပ်တွင် ဆိုသည်။ မောင်ဇေယျာ၏ ရာမယနစာစုစာရင်း ဆောင်းပါးတွင် ပုံနှိပ်ထုတ်ဝေပြီး ရာမဇာတ်စာအုပ်စာရင်းကို စုစည်းဖော်ပြထားရာတွင် မြန်မာဘာသာဖြင့် ၅၂ အုပ်/စောင်၊ အင်္ဂလိပ်ဘာသာဖြင့် ရှစ်အုပ်ရှိ၍ စုစုပေါင်း ၆၀ ရှိသည်။ ဦးအောင်ဖြိုး၏ ရာမသာချင်းနှင့် နေမျိုးနာဋ္ဌက ကျော်ခေါင်၏ သီရိရာမဇာတ်တို့ကိုပါ ထည့်ပေါင်းလျှင် ၆၂အုပ်ရှိပြီဟု ဆိုသည်။

**ရာမာယနဆိုသည်မှာ**

ရာမာယနဆိုသည်မှာ "ရာမ"နှင့် "အယန" ဟူသော စကားလုံးနှစ်လုံးကို ပေါင်းထားခြင်းဖြစ်ပြီး "ရာမ၏ခရီး" ဟုအဓိပ္ပာယ်ရသည်။ ရာမာယနကို ရေးသားစီရင်ခဲ့သူမှာ ပညာရှိကြီး ဝမ္မီကိရသေ့ကြီး ဖြစ်သည်ဟုဆိုကြပြီး ဟိန္ဒူဘာသာ၏ အရေးပါလှသော ကျမ်းဂန်တစ်ခုဖြစ်ကာ ကမ္ဘာပေါ်တွင် ပုံစံအမျိုးမျိုးဖြင့် ပြန့်ပွားလျက်ရှိသည်။ ရာမာယနသည် ဟိန္ဒူဘာသာဝင်တို့ အားထားရာ ရာမဘုရား၏ ဘဝဖြစ်စဉ် သမိုင်းကျမ်းမြတ်ဖြစ်သည်။ ရာမာယနသည် သက္ကတဘာသာဖြင့် ရေးသားခဲ့သော စွန့်စားခန်း မဟာကဗျာရှည်ကြီးတစ်ပုဒ်ဖြစ်ခဲ့ပြီး အပိုဒ်ပေါင်း ၂၄၀၀၀၊ အပိုင်း ၅၀၀ နှင့် အခန်း ခုနစ်ခန်းတို့ဖြင့် ဖွဲ့စည်းထားသည်။

ရာမဇာတ်လမ်းပါ ဇာတ်ကောင်များဖြစ်သော ရာမ၊ လက္ခဏ၊ သီတာ၊ ဟနုမာန် စသည်တို့သည် စံပြလူသားဂုဏ်ပုဒ်များ ဖော်ကျူးလျက်ရှိပြီး အိန္ဒိယလူ့အဖွဲ့အစည်းအတွင်းတွင် နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိသည်။ ရာမာယနသည် အိန္ဒိယစာပေယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းကို များစွာလွှမ်းမိုးရုံသာမက ဟိန္ဒူဂုရုကြီးများ၏ သွန်သင်ဆုံးမမှုဓမ္မကို ညွှန်ပြသည့် ဘာသာရေးကျမ်းတစ်စောင်လည်းဖြစ်သည်။ ရာမာယနသည် တမီလ်၊ ဟိန္ဒီ၊ ဘင်္ဂါလီ စသည့် စာပေများတွင် လွှမ်းမိုးသည်သာမက အရှေ့တောင်အာရှသို့ပါ အေဒီရှစ်ရာစုခန့်တွင် စာပေ၊ ဂီတ၊ အက၊ ရုပ်သေးတို့အဖြစ် ရောက်ရှိပျံ့နှံ့ခဲ့သည်။ ထို့ပြင် ပန်းချီ၊ ပန်းပု အစရှိသည့် အနုပညာရပ်များတွင်လည်း ရာမာယနကို အထင်အရှားတွေ့နိုင်သည်။ သက္ကတစာပေတွင် စွမ်းရည်ပြလင်္ကာကြီးနှစ်စောင်ရှိရာ၌ ရာမာယနသည် တစ်စောင်ဖြစ်ပေသည်။

**လင်္ကာကြီးနှစ်စောင်**

လင်္ကာကြီးနှစ်စောင်တွင် မဟာဘာရတသည် ရှေးဟောင်းပုံဝတ္ထုရာဇဝင်အသားပေးဖြစ်ကာ ရာမာယနမှာမူ အဖွဲ့အနွဲ့နှင့် အလင်္ကာတန်ဆာဆင်မှုကို အသားပေးသော ကဗျာဖြစ်ပေသည်။ ရာမာယနသည် ကဗျာအဖွဲ့အနွဲ့များတွင် ရှေးအကျဆုံးဖြစ်သည့် အလျောက် အာဒိကာဗျဟူ၍ပင် အမည်တွင်ပြီး ဝမ္မီကိရသေ့မှာ အာဒိကဝိဟူ၍ပင် အမွှမ်းတင်ခြင်းခံရသူဖြစ်ပေသည်။ မဟာဘာရတတွင် ဂါထာပိုဒ်ရေ တစ်သိန်းရှိသော်လည်း ရာမာယနတွင် ဂါထာပိုဒ်ရေ ၂၄၀၀၀ မျှသာ ရှိလေသည်။ မဟာဘာရတသည် သူ့ရဲကောင်းစွမ်းရည်ပြ အကြောင်းအရာတို့မှာ လင်္ကာတစ်စောင်လုံး၏ ငါးပုံတစ်ပုံထက်မပိုဘဲ ကျန်အပိုင်းများသည် ကိုယ်ကျင့်တရားများဆိုင်ရာတို့ ဖြစ်ကြသည်။ ရာမာယနမှာမူ အချစ်စွန့်စားခန်းများ ပါဝင်သည့် သူရသတ္တိကို မှတ်တမ်းတင်ထားသည့် လင်္ကာဖြစ်ပေသည်။

မဟာဘာရတတွင် လူလူချင်းတိုက်ခိုက်သည့် တိုက်ပွဲများအကြောင်းပါဝင်၍ ရာမာယနတွင်မူ လူသား၊ မျောက်နှင့်ဘီလူးတို့ တိုက်ခိုက်သည့်တိုက်ပွဲများအကြောင်း ပါဝင်ပေသည်။ ထိုလင်္ကာကြီးနှစ်စောင်၏ ခြားနားမှုတစ်ရပ်မှာ မဟာဘာရတသည် အိန္ဒိယမြောက်ပိုင်းတွင်ပေါ်ထွန်းခဲ့၍ ရာမာယနမှာမူ ဂင်္ဂါမြစ်အရှေ့မြောက်ဘက်တွင် တည်ရှိဖူးသည့် ရှေးဟောင်းကောသလတိုင်းတွင် ဖွားသန့်စင်ခဲ့ပေသည်။ လက်ရှိဝယ် ရာမာယနသည် ကဏ္ဍခုနစ်ခန်းသာရှိ၍ ပထမခန်း (ဗာလကဏ္ဍ) နှင့် နောက်ဆုံးသတ္တမခန်း (ဥတ္တရကဏ္ဍ)တို့မှာလည်း နှောင်းလူတို့ ထည့်သွင်းဖြည့်စွက်ချက်များသာ ဖြစ်သည်ဟု သက္ကတပညာရှင်တို့ ယူဆကြလေသည်။ မူရင်းအားဖြင့် ဘင်္လားမူ၊ ဘုံဘိုင်မူနှင့် အနောက်အိန္ဒိယမူဟူ၍ သုံးစောင်ရှိပေရာ ဘုံဘိုင်မူမှာ ရှေးအကျဆုံးဖြစ်ပေသည်။ မည်သို့ဆိုစေ ရာမာယနသည် လင်္ကာတစ်စောင်တစ်ဖွဲ့အနေဖြင့် တည်ရှိခဲ့သည်မှာအနည်းဆုံးနှစ်ပေါင်း ၂၀၀၀ မျှ ကြာမြင့်ပြီဟု ခန့်မှန်းရလေသည်။

**ပိဋကတ်တော်လာ ဇာတကကျမ်း**

ဗုဒ္ဓ၏ ပါဠိပိဋကတ်တော်လာ ဇာတကကျမ်းတွင်လည်း ဒသရထဇာတ်ဟူ၍ရှိရာ ထိုဇာတ်သည် ရာမမင်းကို အလောင်းတော်အဖြစ် ပြဆိုထားပေသည်။ ဒသရထမင်းကြီး နတ်ရွာစံသောအခါ နောင်တော်ရာမမင်းသားက ညီတော်များအား နှစ်သိမ့်သည့်စကားများကို ဂါထာ ၁၂ ပိုဒ်ဖြင့် ဖော်ပြထားပေရာ ထိုဂါထာ ၁၂ ပိုဒ်အနက် တစ်ပိုဒ်မှာ သက္ကတ ရာမာယနလင်္ကာကြီးတွင် ပါဝင်သည်ကို တွေ့ရပေသည်။ သို့သော် ဂါထာ ၁၂ ပိုဒ်အနက် တစ်ပိုဒ်သာလျှင် တူညီသည်ကိုထောက်သော် ရာမမင်းသားမိန့်ဆိုသော ပါဠိဇာတကလာ ဂါထာများသည် ရာမာယနလင်္ကာကြီးကို မှီးသည်မဟုတ်ဘဲ သက္ကတဇာတ်နှင့် နိပါတ်ဇာတ်နှစ်ခုလုံးထက် ပိုစောသော ရှေးဟောင်းရာမန္တတ်ပုံပြင် တစ်ရပ်ရပ်ကို မှီးသည်ဟူ၍သာ ဆိုနိုင်ဖွယ်ရှိပေသည်။ (ပါဠိ ရာမဇာတ်တော်၌ကား ရာဝဏအကြောင်း ပါဝင်ခြင်းမရှိပေ။) ရာမာယန၏ အလင်္ကာအဖွဲ့အနွဲ့သည် ဗုဒ္ဓအယူဝါဒ ထွန်းကားလာပြီးမှသာလျှင် ပေါ်ပေါက်ရမည်ဟု ဆိုနိုင်သည်။

**မြန်မာတို့၏ ရာမဇာတ်**

မြန်မာတို့၏ ရာမဇာတ်လမ်းသည် အိန္ဒိယမှ တိုက်ရိုက်ရောက်ရှိဟန်မတူဘဲ ယိုးဒယားမှတစ်ဆင့် ရောက်ရှိဟန်တူလေသည်ဟုဆိုသည်။ တောင်ငူခေတ် ဘုရင့်နောင်လက်ထက်တွင် ယိုးဒယားကို သိမ်းပိုက်အောင်မြင်တော်မူ၍ ယိုးဒယားမှ လက်မှုနှင့် အနုပညာသည်များကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာလေရာ ထိုအနုပညာသည်တို့တွင် ရာမဇာတ်ကို ကပြတတ်သည့် သဘင်ပညာသည်တို့ ပါဝင်ကြမည်ဟု ခန့်မှန်းရပေသည်။ သို့သော် ရာမဇာတ်ကို မြန်မာနိုင်ငံ၌ ပို၍လူသိများသည်ကား ကုန်းဘောင်ခေတ် ဘိုးတော် ဘုရားလက်ထက်တွင်ဟု ယူဆနိုင်ဖွယ်ရှိပေသည်။ မြဝတီမင်းကြီးက ယိုးဒယားသီချင်းသွားများကိုယူကာ မြန်မာမှုပြုရာတွင် ရာမမင်း၏ ဇာတ်လမ်းမှ ဇာတ်ကြောင်းတချို့ကိုပါ ဖွဲ့ဆိုခဲ့လေသည်။ ဦးတိုး၏ ရာမရကန်မှာ ယနေ့တိုင် ကျော်ကြားလျက်ရှိပေသည်။

**ဦးအောင်ဖြိုး၏ ရာမသာချင်း (၁၇၇၅ ခုနှစ်)**

ဦးအောင်ဖြိုးသည် ပုဂံမြို့ဇာတိဖြစ်ပြီး အမရပူရမြို့တည်နန်းတည် ဘိုးတော်ဘုရားလက်ထက် ထင်ရှားသောစာဆိုတော်တစ်ဦးဖြစ်သည်။ ရာဇဝင်သာချင်း၊ ရာမသာချင်း၊ ကျန်စစ်သားကြုတ်ဖွင့်ခန်းသာချင်း၊ တရုတ်ပြည်စွယ်တော်တောင်းခန်းသာချင်း၊ ဗောဓိပင်ကို မာရ်နတ်သားလုသည့်ခန်းသာချင်း၊ မင်းဆက်သာချင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားသာချင်း၊ ငှက်ကြီးသာချင်းတို့ကို ရေးထားခဲ့ပြီး ဇနကရကန်ကိုလည်း ရေးထားခဲ့လေသည်။ သာချင်းကို အများဆုံးရေးသောကြောင့် သာချင်းဆရာကြီးဦးအောင်ဖြိုးဟူ၍လည်း ခေါ်ကြသည်။

**ဦးတိုး၏ ရာမရကန် (၁၇၈၄ ခုနှစ်)**

ရကန်လောကတွင် ပထမတန်းစားဟု စံတင်ထိုက်သော ရာမရကန် ဆရာဦးတိုးသည် ၁၁၁၃ ခုနှစ်တွင် စိုင်နံ့သာရွာ၌ ဖွားမြင်လေသည်။ အချို့ကလည်း ရွှေဘိုမြို့အနီး ဆီးတောရွာတွင် ဖွားမြင်သည်ဟု ဆိုကြသည်။ ရဟန်းဘဝနှင့် စာပေကျမ်းဂန်လေ့လာဆည်းပူး၏။ ဆင်ဖြူရှင်မင်းနှင့် စဉ့်ကူးမင်းလက်ထက်တွင် မင်းမှုထမ်း၏။ ထိုစဉ်က ဆောင်းပါးများ၊ သီချင်းများရေးသောကြောင့် ဆောင်းပါးမောင်တိုးဟု နာမည်ကျော်ခဲ့သည်။ မိမိဘဝပတ်ဝန်းကျင်နှင့် နီးစပ်သော စာဆိုတစ်ဦးဖြစ်သည်။ မြန်မာစာပေလောကနယ်တွင်းရှိ အတွေးနှင့်အရေးဆန်းကြယ်သော စာဆိုတို့တွင် ဦးတိုးသည် ခေါင်းဆောင်တစ်ဦးဖြစ်လေသည်။ ရာမရကန်ကိုဖတ်လျှင် စာဆိုဦးတိုး၏ဉာဏ်မှာ ပင်ကိုပါရမီဉာဏ်ဖြစ်ကြောင်း ထင်ရှားသည်။

မြန်မာစာပေနယ်တွင် ထင်ရှားလှသည့် စွယ်စုံပညာရှင် ဦးပုညပင်လျှင် ဦးတိုး၏ရာမရကန်မှ သမင်၏ အမူအရာအဖွဲ့ဖြစ်သော "ဆိတ်စာကလေး၊ လိုက်သူနှင့်ဝေးသောခါ၊ ခေါ်သွေးခေါ်ယောင်၊ နီးပြန်အောင်လို့၊ ခြေတပေါင်ကျိုး၊ နိမ့်မျိုးနိမ့်မြင့်၊ မလှမ်းချင်ချင်၊ လှမ်းချင်ချင်နှင့် သစ်ပင်ကိုခိုတဲ့လို့" ဟူသည့်စာပိုဒ်ကို အတုယူမှီငြမ်းပြု၍ စလေမြို့ မောင်ရွှေချန် မေတ္တာစာတွင် "စိန်ချယ်ရတီ၊ ဝဇီရာဝုတ်၊ မုတ်ပုလဲပွင့်၊ ချိုဝင့်ဝင့်နှင့်၊ ရွှေသမင့်လက္ခဏာ၊ မြက်နုံ့သာ မြေညီတွင်၊ တဘက်ခွာ ခြေချီ၍ ပီပီလည်း မနင်း၊ ပရိယာယ် ရှစ်ဖြာဖြင့်၊ ချစ်စရာဖန်ဆင်း၍၊ ဟန်ခင်းကာ ကြော့လိုက်သည့်၊ တောစရိုက်ဘာသာ" ဟု စပ်ဆိုခဲ့လေသည်။

**ဆရာထွန်း(စစ်တွေ)၏ အလောင်းရာမသာချင်း (၁၉၀၅ ခုနှစ်)**

တန်းခိုးဆရာထွန်း(စစ်တွေ) (၁၈၆၄- ၁၉၄၃ ခုနှစ်)သည် ရခိုင်စာပေလောကတွင် ထင်ရှားသည့် စာဆိုတော်တစ်ဦးဖြစ်ပြီး "အလောင်းရာမသာချင်း" မှာ ၁၉၀၅ ခုနှစ်တွင် အထူးထင်ရှားခဲ့သော ရခိုင်စာပေနှင့် ကဗျာလင်္ကာတစ်ခုဖြစ်သည်။ စာဆိုသည် ပုဏ္ဏားကျွန်းမြို့နယ် တန်းခိုးရွာဇာတိဖြစ်ပြီး စစ်တွေမြို့တွင် အခြေစိုက်ကာ သာချင်း၊ လေးချိုး၊ စပ်ထုံး စသည့် ကဗျာလင်္ကာများကို အများဆုံးရေးသားခဲ့သည်။ သာချင်းဆိုသည်မှာရခိုင်စာပေတွင် ရာမဇာတ်တော် သို့မဟုတ် ဒေသန္တရ ရာဇဝင်ဝတ္ထုများကို ကာရန်စုံ၊ လင်္ကာမြောက်စွာ တေးသီကုံးထားသော ဇာတ်လမ်းရှည်ကဗျာအမျိုးအစားဖြစ်သည်။ ဤသာချင်းမှာ အိန္ဒိယ ရာမယနဇာတ်တော်၏ ဇာတ်ကွက်၊ ဇာတ်လမ်းများကို အခြေခံ၍ ရခိုင်သံ၊ ရခိုင်ဟန်ဖြင့် သီကုံးထားသော လက်ရာဖြစ်သည်။

**ရာမယဏပုဗ္ဗကာရီ ဆရာဇော်ဂျီ**

ပုဗ္ဗကာရီသည် ဒုကင်္ဂုတ္တရ၊ တတိယပဏ္ဏာသက၊ ပထမသုတ်တွင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ဒေသနာထဲက စကားလုံးဖြစ်ပြီး အနက်မှာ ရှေးဦးစွာ ကျေးဇူးပြုသူဟူ၍ဖြစ်သည်။ ဆရာဇော်ဂျီသည် ရာမယနနှင့်ပတ်သက်၍ ဆရာဇော်ဂျီ အမည်မပါသော စာအုပ်များတွင်လည်း ဆရာ၏ ပါဝင်မှုများ ရှိနေပြန်သည်။

ဆရာဇော်ဂျီသည် ၁၉၃၀ ပြည့်နှစ်ကစ၍ ၁၉၈၇ ခုနှစ် အသက် ၈၀ ပြည့်သည်ထိ နှစ်ပေါင်း ၆၀ နီးပါး ရာမာယနဇာတ်ကို စိတ်ဝင်တစားနှင့် သုတေသနပြုကာ ဆောင်းပါးများ၊ စာတမ်းများရေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် "မြန်မာရာမ" ဆိုသည့် စကားလုံးကို ဆရာဇော်ဂျီက အတိအကျ အနက်ဖွင့်ပေးထားသည်။

သို့ဖြစ်ပါ၍ ရာမဇာတ်သည် မြန်မာလူမျိုးတို့၏ နှလုံးသားတွင် အမြစ်တွယ်ခဲ့သည်မှာ ကာလကြာရှည်ခဲ့ပြီဖြစ်သည့်ပြင် စွဲလမ်းနှစ်သက်မှုကလည်း အတိုင်းမသိဖြစ်ရပေသည်။ သို့ဆိုရလျှင် ရာမဇာတ်နှင့်ပတ်သက်၍ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရာမအလင်္ကာသုံးပုဒ်သာမက တခြားရာမဇာတ်နှင့်ပတ်သက်သောစာများအရလည်း သိရှိရပေသည်။ ပြောရမည်ဆိုလျှင် ရာမယနနှင့် မြန်မာသည် ခွဲမရနိုင်ဟု ဆိုရမည် ဖြစ်ပါသည်။

**ကိုးကား**

- ဇော်ဂျီ၏ စာပေါင်းချုပ်ပါ မြန်မာရာမနိဒါန်းနှင့် မြန်မာတို့၏ ရှေးရိုးရာမဇာတ်တော်ကြီး
- ဦးတိုး၏ ရာမရကန်
- မင်းသျှင်အောင်(တွံတေး)၏ ရာမဇာတ်ထဲက ရေကျော်မောင်မောင်
- လှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်
- မြန်မာ့စွယ်စုံကျမ်း အတွဲ (၅)

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းစုစုပေါင်း ၁၁၉၁၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဆီမုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၁၁၉၁၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းစုစုပေါင်း ၁၁၉၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်းစုစုပေါင်း ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေး သွားပါမယ်။ ဆီမုန်ညင်းနဲ့ ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲအသုံးပြုကြပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်း ၅၆၃ ဧက၊ ပန်းနှမ်း ၅၅၅၈ ဧက၊ ကျွန်းလှမြို့နယ်တွင် ဆီမုန်ညင်း ၄၅၅ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက စုစုပေါင်း ၁၁၉၁၈ ဧကဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ကျောက်ပန်းတောင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူ လူငယ်များအချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ နှုတ်မှုစွမ်းရည်နှင့် စဉ်းစားတွေးခေါ်မှု အားကောင်းလာစေရန်နှင့် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်က အဆိုပါ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ မိမိတို့ ဖတ်ရှုလေ့လာထားသည့် စာပေဗဟုသုတများကို အများရှေ့တွင် ရဲဝံ့စွာ ပြန်လည်တင်ပြဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါပြိုင်ပွဲကို အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူပြိုင်ပွဲဝင်များက ကျွန်တော်သာ သူဌေးကြီး တစ်ယောက်ဖြစ်ခဲ့လျှင်၊ ကျွန်တော်သာ ပရဟိတသမား တစ်ယောက်ဖြစ်ခဲ့လျှင်၊ ကျွန်တော်သာ ခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့လျှင် စသည့်ခေါင်းစဉ်များဖြင့် သတ်မှတ်မိနစ်အတွင်း အသံလေယူလေသိမ်း၊ အချက်အလက်ပိုင်နိုင်မှု၊ စကားပြောပြေပြစ်မှုတို့ဖြင့် အသီးသီးပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သဲသဲ**

## ရိုးသားခြင်းဂုဏ်

\- ရိုးသားလျှင်ဖြင့်
တိုးပွားကြ ဧကန်၊
ကျော်ကြားကာ ဂုဏ်သတင်း
ထုံသင်းအမှန်၊
စာရိတ္တ အခြေခံ
မူအမှန် မတိမ်းဆောင်း၊
အရာရာကို စဉ်းစားတတ်လို့
စိတ်ဓာတ်ကကောင်း။

\- သူမကောင်းလျှင်လည်း
မူမပြောင်း အရာရာ၊
သည်းခံကာ စာနာစိတ်
အရိပ်လိုမခွာ၊
ကြိုးစားသူလည်း အမှန်ပါ
ရိုးသားစွာ အသက်မွေး၊
* ဒါ သီ ဘာ မလစ်ဟင်းလို့
(ဂုဏ်သတင်းက)
သင်းပျံ့ကြိုင်မွှေး။

\- ပန်းတော်ဝင် ရနံ့မွှေးသို့
ပျံ့လွင့်ကာ သင်းထုံ၊
ရိုးဂုဏ်ရှိသူ အမျက်မာန်မထား
တစ်သက်စားမကုန်၊
ပညာပြည့်ဝ သုတစုံ
ဤလူ့ဘုံ အလွန်ရှား၊
မွေးရာပါ ပင်ကိုယ်အသိတွေနှင့်
တွေးစာနာ ညဉ်အရှိရယ်က
ဂတိဘယ်မမှား။ ။

**ပန်းမာလာ**

* ဒါ = ဒါန
သီ = သီလ
ဘာ = ဘာဝနာ

## ပဲခူးမြို့နယ် မော်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မော်လုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# အီရတ်နိုင်ငံ အယ်ဆူလေမန်နီယာဒေသတွင် မိုးကြိုးပစ်ရာမှ တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



ဘဂ္ဂဒက် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံ အယ်ဆူလေမန်နီယာဒေသတွင် စက်တင်ဘာ ၁၈ ရက်က မိုးကြိုးပစ်ရာမှ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း အီရတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် အာဆော့တောင်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကို နောက်ကျမှသိခဲ့၍ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကို ငြိမ်းသတ်ရာတွင် မြေပြင်မှငြိမ်းသတ်ရန် ခက်ခဲနေခြင်းကြောင့် လေကြောင်းအကူအညီကို ရယူသွားရမည်ဖြစ်ကြောင်း၊ တောမီးသည် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းနိုင်သည့် အခြေအနေဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"အယ်ဆူလေမန်နီယာဒေသမှာရှိတဲ့အာဆော့တောင်မှာတောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပွားနေပါတယ်။ တောမီးဟာ မိုးကြိုးပစ်ရာကနေစတင်တဲ့တောမီးဖြစ်ပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိလာတာဖြစ်ပါတယ်။ တောမီးကို မြေပြင်ကနေငြိမ်းသတ်ဖို့ခက်ခဲနေပြီး အပင်ခြောက်တွေရှိတဲ့အတွက် တောမီးက တစ်နေရာကနေ တစ်နေရာကို ကူးစက်တာ မြန်ဆန်နေပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့အခြေအနေမျိုးလဲဖြစ်တဲ့အတွက် လေကြောင်းအကူအညီရယူဖို့ လိုအပ်နေပါတယ်"ဟု အီရတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးရွာသွန်းမှုရှိခဲ့သော်လည်း မိုးခေါင်မှုသတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်

အော့တဝါ စက်တင်ဘာ ၁၉

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကယ်လာမယ်ကာဒေသနှင့် အိုကာနာဂန်ဒေသတို့တွင် မိုးခေါင်မှုပြဿနာဖြင့်ကာလရှည်ရင်ဆိုင်နေရပြီး စက်တင်ဘာလအတွင်း မိုးအနည်းငယ်ရွာသွန်းမှုရှိခဲ့သော်လည်း မိုးခေါင်မှုသတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကယ်လာမယ်ကာဒေသနှင့် အိုကာနာဂန်ဒေသတို့တွင် မြစ်ချောင်းများ ရေပမာဏ သိသိသာသာ ကျဆင်းနေဆဲဖြစ်သည့်အတွက် သောက်သုံးရေများကို အကန့်အသတ်ဖြင့်သာ ပေးဝေနေရဆဲ ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများရှိလာသော်လည်း မြစ်ရေပမာဏမြင့်တက်လာခြင်းမရှိသေးသည့်အတွက် မိုးခေါင်မှုသတိပေးချက် ဆက်လက်ထုတ်ပြန်ထားဆဲဖြစ်ကြောင်း သိရသည်။

"အခုနှစ် နွေကာလအတွင်း ကယ်လာမယ်ကာဒေသနဲ့ အိုကာနာဂန်ဒေသတို့မှာ မိုးခေါင်မှုတွေဖြစ်ပေါ်ခဲ့သလို အပူချိန်မြင့်တက်မှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ စက်တင်ဘာလအတွင်းမှာတော့ မိုးအနည်းငယ် ရွာသွန်းမှုတွေရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ မိုးရေချိန်နည်းတဲ့အတွက် မြစ်ချောင်းတွေမှာ ရေပမာဏမြင့်တက်လာတာ မရှိသေးပါဘူး။ ဒါကြောင့် မိုးရွာသွန်းပေမဲ့ မိုးခေါင်မှုသတိပေးချက်ကို ပြန်မရုပ်သိမ်းတာပါ။ မြစ်ချောင်းတွေ ရေပမာဏ ပြန်တက်လာရင် သတိပေးချက်ကို ပြန်ရုပ်သိမ်းသွားမှာပါ"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားသဖြင့် နေအိမ် ၁၆၀၀၀ ကျော် ပျက်စီးခဲ့

ဟနွိုင်း စက်တင်ဘာ ၁၉

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် စက်တင်ဘာ ၁၅ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် နေအိမ် ၁၆၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေမျက်နှာပြင် မြင့်တက်လာပြီး မြေနိမ့်ပိုင်းဒေသများနှင့် ကျေးရွာများအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ လမ်းမကြီးများနှင့် ဒေသတွင်းလမ်းများ ရေနစ်မြုပ်ခဲ့သဖြင့် သွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး အချို့ဒေသများတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရသည့်အခြေအနေ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် စက်တင်ဘာ ၁၇ ရက်တွင် ရပ်တန့်ခဲ့သော်လည်း ရေများပြန်မကျဘဲ ဆက်လက်တည်ရှိနေသဖြင့် ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲအခြေအနေများကို အာဏာပိုင်များက စောင့်ကြည့်နေကြောင်း၊ ထို့ပြင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် နေအိမ်များသာမက စိုက်ပျိုးမြေများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒေသတွင်း အခြေခံအဆောက်အအုံများလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး သေဆုံးခဲ့သူ လေးဦးအနက် သုံးဦးမှာ ဒါဘက်ဒေသ မြေပြိုမှု၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်တစ်ဦးမှာ ဟနွိုင်းမြို့မှ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ကြောင်း၊ ရေကြီးမှုကြောင့် စိုက်ပျိုးမြေ ဟက်တာ ၂၄၀၀၀ ကျော်နှင့် မွေးမြူရေးဧရိယာ ၁၁၇၆ ဟက်တာခန့်ပျက်စီးခဲ့ကြောင်း သိရသည်။



အာဏာပိုင်များက ရေကြီးမှုနှင့် မြေပြိုမှုအန္တရာယ်ရှိသည့်နေရာများမှ မိသားစု ၁၅၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များက ရေနစ်မြုပ်နေသည့်နေရာများတွင် ပိတ်မိနေသူများကို ကယ်ဆယ်ခြင်း၊ အစားအသောက်နှင့် အရေးပေါ်ပစ္စည်းများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အင်ဒိုနီးရှားနိုင်ငံတွင် လောင်ကျွမ်းနေသော တောမီးများကို ထိန်းချုပ်နိုင်ရေး မလေးရှားနိုင်ငံက အကူအညီပေးသွားမည်

ဂျကာတာ စက်တင်ဘာ ၁၉

အင်ဒိုနီးရှားနိုင်ငံတွင် ရက်သတ္တပတ်များစွာကြာ လောင်ကျွမ်းနေသည့် တောမီးများကို ထိန်းချုပ်နိုင်ရေးအတွက် မလေးရှားနိုင်ငံက အကူအညီပေးသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဘော်နီယိုနှင့် ဆူမတြားကျွန်းတို့တွင် တောမီးများ ပိုမိုပြင်းထန်စွာ လောင်ကျွမ်းနေပြီး မီးခိုးမြူများကြောင့် လေထုအရည်အသွေး ကျဆင်းလျက်ရှိကြောင်း၊ အဆိုပါ မီးခိုးမြူများသည် လေထုထဲတွင် ပျံ့နှံ့ကာ အိမ်နီးချင်း မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင်ပါ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ယခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် လောင်ကျွမ်းသည့် တောမီးများသည် ဆယ်စုနှစ်အတွင်း အပြင်းထန်ဆုံးဖြစ်ပြီး မိုးရာသီစတင်ချိန် နောက်ကျနေသဖြင့် မြေဆီလွှာနှင့် သစ်တောများ ခြောက်သွေ့နေသည့် အခြေအနေများက တောမီးလောင်မှုကို ပိုမိုဆိုးရွားစေကြောင်း၊ တောမီးများသည် အောက်တိုဘာလနှောင်းပိုင်း သို့မဟုတ် နိုဝင်ဘာလအစပိုင်းထိ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး ရာဂျာဂျူလီအန်တိုနီက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးများကြောင့် ထိခိုက်သည့် ပြည်နယ် ခုနစ်ပြည်နယ်တွင် စက်တင်ဘာ ၁ ရက်မှ ၉ ရက်အတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကြောင့် ဆေးကုသမှုခံယူသူ ၁၃၃၃၃၆ ဦး ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ အနေဖြင့် မီးခိုးမြူထူထပ်သည့် အချိန်များတွင် ပြင်ပထွက်ခွာမှုကို လျှော့ချရန် သက်ဆိုင်ရာ အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

မလေးရှားနိုင်ငံ အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ တောမီးများ ထိန်းချုပ်နိုင်ရေးအတွက် မီးငြိမ်းသတ်ရေးဆိုင်ရာ အကူအညီများ ပေးအပ်ရန်ပြင်ဆင်နေပြီး လိုအပ်ပါက မီးငြိမ်းသတ်ရေး လေယာဉ်များနှင့် ကျွမ်းကျင်ဝန်ထမ်းများ စေလွှတ် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တူနီးရှားနိုင်ငံ တူးနစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

တူးနစ် စက်တင်ဘာ ၁၉


တူနီးရှားနိုင်ငံ တူးနစ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း တူနီးရှား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

တူးနစ်မြို့တွင် စက်တင်ဘာ ၁၇ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှု ဖြစ်ပွားကာ ယနေ့တွင် ရေကြီးရေလျှံမှုကို အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း သိရသည်။

"တူးနစ်မြို့မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပါတယ်။ မြို့တွင်းက အဓိကလမ်းမကြီးတချို့ ရေလွှမ်းနေလို့ လမ်းတွေကို ယာယီပိတ်ထားရပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေက ဘေးလွတ်ရာရွှေ့ပြောင်းနေတဲ့ပြည်သူတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီး နေရာ ချပေးထားပါတယ်"ဟု တူနီးရှား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ရေအောက်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး ဆဲလ်အသစ်များကို တရုတ်သုတေသီများ တီထွင်နိုင်ခဲ့




**ပေကျင်း စက်တင်ဘာ ၁၉**

ပင်လယ်ရေအောက် ၁၀ မီတာအနက်ထိ ထိုးဖောက်ဝင်ရောက်လာသည့် အလင်းရောင်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် အထူးပြုလုပ်ထားသော ပီရော့စကိုဗိုက် နေရောင်ခြည်စွမ်းအင်သုံး ဆဲလ်အသစ်များကို တရုတ်သုတေသီများက တီထွင်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ သုတေသီများ ဦးဆောင်သော အဖွဲ့သည် ရေအောက်ပိုင်း အလင်းရောင်အခြေအနေများနှင့် ကိုက်ညီမှုရှိမည့် ကျယ်ပြန့်သောဘန်းဂတ်ပါဝင်သည့် ပီရော့စကိုဗိုက်ဆဲလ် (Perovskite cells)များကို တီထွင်ထုတ်လုပ်ခဲ့ကြပြီး ပင်လယ်ရေအောက်ပတ်ဝန်းကျင်၌ ရေရှည်အသုံးချနိုင်ရန် အောင်မြင်စွာ စမ်းသပ်ဖော်ထုတ်နိုင်ခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ ဝေကျိုးကျွန်းစုအနီးတွင် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုများအရ အဆိုပါရေအောက်နေရောင်ခြည်စွမ်းအင်သုံး ဆဲလ်များသည် နှစ်နာရီအတွင်း လီသီယမ်-အိုင်ယွန်ဘက်ထရီများကို အားသွင်းနိုင်သည်ထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

ထိုသို့ ရေအောက်တွင် တိုက်ရိုက်လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် နည်းပညာသစ်ပေါ်ထွက်လာခြင်းကြောင့် အနာဂတ်တွင် ပင်လယ်ရေအောက် သုတေသနလုပ်ငန်းများအတွက် စွမ်းအင်ပြည့်ဝစွာ လည်ပတ်နိုင်ရန် အထောက်အကူပြုလမ်းစပွင့်လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : YZA**

# အူလမ်းကြောင်းကျန်းမာရေးကို အကျိုးပြုစေမည့် သဘာဝဒြပ်ပေါင်းတစ်မျိုး သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိ

**နယူးယောက် စက်တင်ဘာ ၁၉**

ပန်းသီး၊ သစ်ကြားသီးနှင့် ဘယ်ရီသီး စသည့်အစားအစာများကို လူ့ခန္ဓာကိုယ်က အစာခြေဖျက်ပြီးနောက် အူလမ်းကြောင်းအတွင်းရှိ ကာဗွန်နှင့် ဘက်တီးရီးယားများ၏ဖန်တီးမှုဖြင့် ဖြစ်ပေါ်လာသည့် သဘာဝဒြပ်ပေါင်း တစ်မျိုးသည် အူလမ်းကြောင်းနံရံများကို ပြန်လည်ပြုပြင်ပေးပြီး ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်းရှိသည်ကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ လူးဗီးလ်တက္ကသိုလ်မှ သုတေသီများသည် ယူရိုလစ်တင်-အေသဘာဝအဏုဇီဝဒြပ်ပေါင်း၏ လုပ်ဆောင်ချက်များကို အသေးစိတ်လေ့လာခဲ့ကြခြင်းဖြစ်ပြီး အူလမ်းကြောင်းဆိုင်ရာရောင်ရမ်းနာရောဂါများ ကုသရာတွင် ပစ်မှတ်ထားသည့်ဆေးဝါးအသစ်များ ဖော်ထုတ်နိုင်ရန် ကြီးမားသောလမ်းစ ပွင့်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သဘာဝဒြပ်ပေါင်းသည် အူလမ်းကြောင်းအတွင်းရှိ ဆဲလ်များတွင်ရှိသော ကာကွယ်ရေးစနစ်များကို ရွေးချယ်လှုံ့ဆော်ပေးနိုင်ပြီး အူနံရံများပျက်စီးမှုကို ထိရောက်စွာ ကုသပေးနိုင်မည်ဖြစ်သည်။

ထိုသို့သဘာဝအစားအစာများမှတစ်ဆင့် ခန္ဓာကိုယ်၏ ကိုယ်ပိုင်ခုခံကာကွယ်ရေးနှင့် ပြုပြင်ရေးစနစ်ကို ပြန်လည်နိုးဆွပေးနိုင်ခြင်းဖြင့် အူလမ်းကြောင်းကျန်းမာရေးကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : YZA**

# တိုယိုတာ၏ ဟိုက်ဒရိုဂျင်လောင်စာဆဲလ်နည်းပညာ အသုံးပြုထားသော ပစ်ကပ်ကားသစ်ကို ၂၀၂၈ ခုနှစ်တွင် စတင်မိတ်ဆက်မည်

**တိုကျို စက်တင်ဘာ ၁၉**

ဂျပန်နိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် တိုယိုတာသည် ဟိုက်ဒရိုဂျင်လောင်စာဆဲလ်နည်းပညာ အသုံးပြုထားသည့် ဟိုက်ဒရိုဂျင်ပစ်ကပ်ကားအသစ်ကို ၂၀၂၈ ခုနှစ်တွင် မိတ်ဆက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ မော်တော်ယာဉ်အသစ်သည် ဟိုက်ဒရိုဂျင်တစ်ကြိမ်ဖြည့်တင်းရုံဖြင့် အကွာအဝေး ၂၄၈ မိုင်ထိ မောင်းနှင်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော စွမ်းအင်သုံးမော်တော်ယာဉ် ဈေးကွက်တွင် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဟု ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

တိုယိုတာ၏ ဟိုက်ဒရိုဂျင်လောင်စာဆဲလ်နည်းပညာ စီမံကိန်းအရ ၎င်းပစ်ကပ်ကားသစ်သည် သမားရိုးကျဒီဇယ်နှင့် ဓာတ်ဆီသုံးကားများကဲ့သို့ပင် လုပ်ငန်းခွင်များနှင့် ခရီးဝေးသယ်ယူပို့ဆောင်ရေးများတွင် အကြမ်းခံ အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်၏စွမ်းဆောင်ရည်ပိုင်းအနေဖြင့် နောက်တွဲဆွဲတင်နိုင်မှုစွမ်းရည် ပေါင် ၅၅၀၀ ခန့် တင်ဆောင်တွဲဆွဲနိုင်ရန် ရည်မှန်းထားပြီး လက်တွေ့ကျမည့် ဒီဇိုင်းပုံစံဖြင့် ထွက်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။




ကမ္ဘာတစ်ဝန်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သော စွမ်းအင်သုံးမော်တော်ယာဉ်များ ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နေချိန်တွင် တိုယိုတာ၏ ယခုကဲ့သို့ ဟိုက်ဒရိုဂျင်ပစ်ကပ်ကားသစ်စီမံကိန်းသည် မော်တော်ယာဉ်နည်းပညာလောကတွင် အပြောင်းအလဲတစ်ခုဖြစ်လာစေမည်ဟု သုံးသပ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : YZA**

# မက်ဆိုသီလီယိုမာကင်ဆာရောဂါကို ကုသနိုင်မည့် စမ်းသပ်ဆေးဝါးသစ်ထုတ်လုပ်နိုင်

**နယူးယောက် စက်တင်ဘာ ၁၉**

အဆုတ်နှင့် ရင်ခေါင်းဝမ်းဗိုက်ဖုံးအုပ်တစ်ရှူးများတွင် ဖြစ်ပွားတတ်သည့် ပြင်းထန်ပြီးကုသရခက်ခဲသော မက်ဆိုသီလီယိုမာကင်ဆာရောဂါကို ကုသရန်အတွက် စမ်းသပ်ကုသဆေးအသစ်တစ်မျိုးကို သုတေသနပညာရှင်များက ထုတ်လုပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆေးဝါးသစ်သည် ကင်ဆာဆဲလ်များအတွင်းရှိ ကာကွယ်ရေးအတားအဆီးများကို ချေဖျက်ပေးသည့် PRX3 အင်ဇိုင်းကို ပိတ်ပင်ခြင်းဖြင့် ကင်ဆာဆဲလ်များကို သေဆုံးစေနိုင်ပြီး ပထမအဆင့် လူနာများတွင်စမ်းသပ်ကုသခဲ့ရာ၌ ရောဂါပြန့်ပွားမှုကို ၆၇ ရာခိုင်နှုန်းထိ ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဗားမောင့်တက္ကသိုလ်မှ ပါမောက္ခ ဘရိုင်ယန်ကာနစ်ဦးဆောင်သော သုတေသီအဖွဲ့သည် အဆိုပါသုတေသနကို အောင်မြင်စွာ ဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး ကင်ဆာဆဲလ်များ ရှင်သန်ရန် အားပြုနေရသည့် အင်ဇိုင်းစနစ်ကိုပင် ပြန်လည်လှည့်ဖျားတိုက်ခိုက်သည့်နည်းလမ်းကို အသုံးပြုထားခြင်းဖြစ်ကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

ထိုသို့ စမ်းသပ်ဆေးဝါး ထိရောက်မှုရှိခြင်းသည် အခြားသော ကင်ဆာရောဂါအမျိုးအစားများကိုပါ ကုသနိုင်မည့် အလားအလာကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ရာ ဆေးဘက်ဆိုင်ရာ သုတေသနလောကတွင် အရေးပါသော မှတ်တိုင်သစ်တစ်ခုဖြစ်လာမည်ဟု ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : YZA**



# သက်တမ်းအနုဆုံး ဂြိုဟ်သစ်တစ်စင်းကို နက္ခတ္တဗေဒပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၉**

သက်တမ်းအားဖြင့် နှစ် တစ်သန်းခန့်ရှိပြီး ကြီးထွားဆဲအဆင့်တွင်ရှိနေသေးသည့် ဂျူပီတာဂြိုဟ်အရွယ်အစားရှိ သက်တမ်းအနုဆုံး ဂြိုဟ်သစ်တစ်စင်းကို နက္ခတ္တဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ရန်ပုံငွေပံ့ပိုးမှုဖြင့်သိမ်းဆည်းထားသော အာကာသလေ့လာရေး မှတ်တမ်းအချက်အလက်များကို အသုံးပြုကာ သုတေသီများက အဆိုပါ အယ်လီးယပ်စ် ၂-၂၄ ဘီ (Elias 2-24 b)ဟု အမည်ပေးထားသည့် ဂြိုဟ်သစ်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းပတ်လည်တွင် ဖွဲ့စည်းတည်ဆောက်ဆဲ အမှုန်အမွှားများနှင့် ဓာတ်ငွေ့များ ဆက်လက်ဝန်းရံလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာနက္ခတ္တဗေဒပညာရှင်အဖွဲ့၏ လေ့လာတွေ့ရှိချက်အရ အဆိုပါဂြိုဟ်သစ်သည် ၎င်း၏ ဗဟိုကြယ်ကို လှည့်ပတ်လျက်ရှိပြီး ဂြိုဟ်ကြီးများ ဖြစ်ပေါ်တိုးတက်လာပုံအဆင့်ဆင့်ကို လက်တွေ့ဆန်းစစ်နိုင်ရန်အတွက် သိပ္ပံပညာရှင်များကို ရှားပါးလှသည့် အခွင့်အလမ်းကောင်းတစ်ခု ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ သက်တမ်းနုသည့် ဂြိုဟ်သစ်တစ်စင်းကို တိကျစွာရှာဖွေတွေ့ရှိနိုင်ခြင်းဖြင့် လက်ရှိ လက်ခံကျင့်သုံးနေသော ဂြိုဟ်ဖြစ်တည်မှုသီအိုရီများနှင့် ကွန်ပျူတာစာရင်းဇယားပုံစံများကို ပိုမိုပြည့်စုံကောင်းမွန်လာစေရန် အထောက်အကူပြုမည်ဖြစ်ပြီး နောင်လာမည့် အာကာသသုတေသန လုပ်ငန်းများအတွက် ကြီးမားသောအလှည့်အပြောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : YZA**

# ONE Friday Fights 171 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ မဟာသွေးက ထိုင်းဖိုက်တာ ပက်ဆူဖန်းကို ဒိုင်အမှတ်ဖြင့် အနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၁၈ ရက် ညပိုင်းက ကျင်းပခဲ့သည့် ONE Friday Fights 171 ပြိုင်ပွဲတွင် မွေထိုင်းပွဲစဉ်အဖြစ် မြန်မာဖိုက်တာ မဟာသွေး ဝင်ရောက်ထိုးသတ်ခဲ့ရာ ထိုင်းဖိုက်တာ ပက်ဆူဖန်းကို ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ထိုးချက်၊ ကန်ချက်များဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပထမအချီတွင် မဟာသွေး၏ ပြင်းထန်သည့်အမြင့်ကန်ချက်များကြောင့် ပက်ဆူဖန်းအထိနာခဲ့ပြီး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိရန် နီးစပ်ခဲ့သည်။

ထို့နောက် ဒုတိယအချီတွင် ပက်ဆူဖန်းက အကောင်းဆုံး ပြန်လည် တုံ့ပြန်ထိုးသတ်ခဲ့သော်လည်း နောက်ဆုံးအချီတွင် မဟာသွေးက ပွဲစဉ်ကိုထိန်းချုပ်ကာ ခြေကန်ချက်များဖြင့် ရမှတ်များစုဆောင်းနိုင်ခဲ့ပြီး သုံးချီပွဲပြီးဆုံးချိန်ထိ အနိုင်အရှုံးရလဒ်မပေါ်ခဲ့သည့်အတွက် ဒိုင်အမှတ်ဖြင့် ဆုံးဖြတ်ခဲ့ရာမှ မဟာသွေးက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာဖိုက်တာ မဟာသွေးသည် ONE Friday Fights ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးပွဲစဉ်တွင်ပင် အနိုင်ရခဲ့ကာ ပက်ဆူဖန်းအနေဖြင့် မဟာသွေးနှင့် ပွဲစဉ်မတိုင်မီက နှစ်ပွဲဆက် နိုင်ပွဲရရှိထားသော်လည်း မဟာသွေးနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီး ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**STA**




# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် အေဗီလာအသင်းက စပါးအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၁၉**

ပရီးမီးယားလိဂ် ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ် ယနေ့ညပိုင်းက စပါးအသင်းနှင့် အေဗီလာအသင်းတို့ ကစားခဲ့ရာ အေဗီလာအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံး ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ နိုင်ပွဲမရရှိသေးသည့် အသင်းများဖြစ်ပြီး ပထမဆုံးနိုင်ပွဲအတွက် အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို လေးမိနစ်တွင် မန်ဇန်ဘီက အေဗီလာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပထမပိုင်းတွင် အေဗီလာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင်လည်း အပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၆၇ မိနစ်တွင် နီကိုလက်ဂျက်ဆင်၊ ပွဲချိန် ၇၉ မိနစ်တွင် ဘွန်ဒီယာတို့က အေဗီလာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ပြီးနောက် စပါးအသင်းက ပြန်လည် တိုက်စစ်ဆင်ဖိအားပေးခဲ့ရာမှ ပွဲချိန် ၈၆ မိနစ်တွင် ဂယ်လာဟာနှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ရှစ်မိနစ်တွင် ဇန်ဟက်ကီတို့က စပါးအသင်းအတွက် ချေပဂိုး နှစ်ဂိုး သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် အေဗီလာအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး စပါးအသင်းအတွက် နိုင်ပွဲဆက်လက်ပျောက်ဆုံးခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင်ရလဒ်ဆိုးများနှင့် ဆက်တိုက်ကြုံတွေ့နေရကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ ငါးပွဲကစားပြီးချိန်တွင် နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ထားပြီး အသင်းတိုက်စစ်ပိုင်းမှာလည်း ပြီးခဲ့သည့် လေးပွဲဆက် ဂိုးသွင်းယူ နိုင်ခြင်းမရှိခဲ့ဘဲ အေဗီလာအသင်းနှင့် ပွဲစဉ်မှသာ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်လုပွဲစဉ်ကို စီရယ်ဂိန်း ထိုးသတ်ရမည်ဟု UFC အဖွဲ့ချုပ်ဥက္ကဋ္ဌ အတည်ပြု

**ဝါရှင်တန် စက်တင်ဘာ ၁၉**

UFC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေနာဝှိုက်က ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းသည် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်လု ပွဲစဉ်ကို လာမည့် နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် ပြိုင်ပွဲတစ်ရပ်တွင် ထိုးသတ်ရမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း Yahoo Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ အင်္ဂလန်ဖိုက်တာ အက်စပီနေသည် မျက်လုံးခွဲစိတ်မှုကြောင့် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့သည့်အတွက် UFC ဟဲဗီးဝိတ်တန်း၌ ယာယီချန်ပီယံအဖြစ် ရပ်တည်နေသည့် စီရယ်ဂိန်းက ချန်ပီယံခါးပတ် လွှဲပြောင်းရယူရမည်ဖြစ်သော်လည်း ဒေနာဝှိုက်ကစီရယ်ဂိန်းကို ချန်ပီယံခါးပတ် ချက်ချင်းလွှဲပြောင်းပေးမည်မဟုတ်ဘဲချန်ပီယံခါးပတ်လုပွဲ ထိုးသတ်ရမည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

စီရယ်ဂိန်းသည်ပြီးခဲ့သည့်ဇွန်လက ဘရာဇီးဖိုက်တာ ပါရဲရားကို အနိုင်ရပြီးနောက် လက်ရှိတွင် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း၌ ယာယီ ချန်ပီယံအဖြစ် ရပ်တည်နေသူ ဖြစ်သည်။

စီရယ်ဂိန်းအနေဖြင့် ချန်ပီယံခါးပတ်လုပွဲစဉ် ထိုးသတ်ရမည်ဖြစ်ပြီး လက်ရှိတွင် မည်သူနှင့်ထိုးသတ်ရမည်ကို UFC ဘက်မှ အတည်ပြုထားခြင်း မရှိသေးသော်လည်း UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းအဆင့် သတ်မှတ်ချက်တွင် ရုရှားဖိုက်တာများ ဖြစ်သည့် အဆင့်(၂)မှ အဲလက်ဇန်းဒါးဗိုကော့၊ အဆင့်(၃)မှ ပါဗလိုဗစ်ချ်၊ အဆင့်(၄)မှ ပါရဲရားတို့မှ တစ်ဦးဦးနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Yahoo Sports**
**Trs : STA**

# BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝိုင်ဟမ်ကလက်ခ် ဦးဆောင်

**လန်ဒန် စက်တင်ဘာ ၁၉**

အင်္ဂလန်နိုင်ငံတွင် ကျင်းပနေသည့်BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တတိယနေ့ပွဲစဉ်များအပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဝိုင်ဟမ်ကလက်ခ်က သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရိုင်ယန်ဂါရက်က သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ရိုက်ခဲ့ပြီး ထိပ်ဆုံးမှ ဦးဆောင်ခဲ့သော်လည်း တတိယနေ့အပြီးတွင် ဝိုင်ဟမ်ကလက်ခ်က အကောင်းဆုံး ပုံစံပြသကာ ထိပ်ဆုံးမှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

အလားတူ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေကလည်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင်ရပ်တည်နေပြီး အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီရှိုင်းက သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ဖြင့် တတိယနေရာတွင် ရပ်တည်နေကာ ချန်ပီယံဆုအတွက် ဖိအားပေးလျက်ရှိသည်။

BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုအတွက် နောက်ဆုံးနေ့ပွဲစဉ်ကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

**Ref : DP Tour**
**Trs : STA**

# Tour de Luxembourg စက်ဘီးစီးပြိုင်ပွဲ အဆင့် (၃) ပြိုင်ပွဲတွင် အီတလီစက်ဘီးစီးသမား ပီပီဂျန် ချန်ပီယံဆု ဆွတ်ခူး

**လူဇင်ဘတ် စက်တင်ဘာ ၁၉**

လူဇင်ဘတ်နိုင်ငံတွင် ကျင်းပနေသည့် Tour de Luxembourg စက်ဘီးစီးပြိုင်ပွဲ အဆင့်(၃) ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ခဲ့ရာ အီတလီစက်ဘီးစီးသမားပီပီဂျန်က ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




Tour de Luxembourg စက်ဘီးစီးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှစတင်ပြီး ၂၀ ရက်ထိ အဆင့်ငါးဆင့် ခွဲခြားကျင်းပမည်ဖြစ်ပြီး အဆင့်(၃) ပြိုင်ပွဲကို ၁၇၉ ဒသမ ၆ ကီလိုမီတာပြိုင်ပွဲအဖြစ် သတ်မှတ်ကျင်းပခဲ့ရာ ပီပီဂျန်က ၄ နာရီ ၇ မိနစ် စက္ကန့် ၃၀ ဖြင့် ပန်းဝင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆင့်(၃)ပြိုင်ပွဲ၌ ပီပီဂျန်၏ နောက်တွင် ပြင်သစ်စက်ဘီးစီးသမားများဖြစ်ကြသည့် ဂါချိုင်နက်က ၄ နာရီ ၇ မိနစ် ၃၁ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ကာ ဒုတိယဆုရရှိခဲ့ပြီး ဗာရှာက ၄ နာရီ ၇ မိနစ် ၃၄ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည့်အတွက် တတိယဆုရရှိခဲ့သည်။

Tour de Luxembourg စက်ဘီးစီးပြိုင်ပွဲ အဆင့်(၁) ပြိုင်ပွဲတွင် အကွာအဝေးကို ၁၅၇ ဒသမ ၅ ကီလိုမီတာ ပြိုင်ပွဲအဖြစ်သတ်မှတ်ခဲ့ရာ နယ်သာလန်စက်ဘီးစီးသမား ဗန်ဒါပေါလ်က ၃နာရီ ၄၅ မိနစ် ၄၅ စက္ကန့်ဖြင့် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး အဆင့်(၂) ပြိုင်ပွဲတွင် အကွာအဝေးကို ၁၆၆ ဒသမ ၈ ကီလိုမီတာ သတ်မှတ်ခဲ့ပြီး နယ်သာလန်စက်ဘီးစီးသမားဖြစ်သည့် ဗန်ဒန်ဘတ်ချ်က ၃ နာရီ မိနစ် ၅၀ ၁၂ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ကာ ချန်ပီယံဆု ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : TNT Sports**
**Trs : STA**

# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့တွင်ကျင်းပ



တိုကျို စက်တင်ဘာ ၁၉

အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ဒေသစံတော်ချိန် ညနေ ၆ နာရီမှ စတင်ပြီး ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဂျပန်ရိုးရာယဉ်ကျေးမှု အဖွဲ့များ၏ အကအလှများ၊ လူဦးရေ ၂၄၀ ဖြင့် စုဖွဲ့ပြီး WEL-COME စာတန်းကို ပုံဖော်မှုများ၊ ဂျပန် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အိုင်ချီ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများကို ခေတ်မီ နည်းပညာများဖြင့် ပေါင်းစပ်ပြီး အချိန် နှစ်နာရီကျော်ကြာ ဖျော်ဖြေမှုများ လုပ်ဆောင်ခဲ့ကြသည်။

အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင် ဂျပန်နိုင်ငံ အပါအဝင် အာရှတိုက်အတွင်းမှ နိုင်ငံနှင့် ဒေသအလိုက် အားကစားအဖွဲ့ ၄၆ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင် နေခြင်းဖြစ်ပြီး အားကစားနည်း ၄၀ ကျော်တွင် ပြိုင်ပွဲဝင် အားကစားသမား ဦးရေ ၁၁၀၀၀ ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲတွင် ဘောလုံး အားကစားနည်း အပါအဝင် ကာလရှည်ပြိုင်ပွဲအချို့ကို ဖွင့်ပွဲ မတိုင်မီက ကျင်းပနေခြင်း ဖြစ်ကာ ကာလတိုပြိုင်ပွဲများကို စက်တင်ဘာ ၂၀ ရက်မှ အောက်တို ဘာ ၄ ရက်ထိ ကျင်းပမည် ဖြစ်ပြီး အောက်တိုဘာ ၄ ရက် တွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မှ အားကစားနည်း ငါးမျိုးတွင် ပါဝင် ယှဉ်ပြိုင်လျက်ရှိနေကြောင်း သိရသည်။

STA

# မြန်မာအသင်းခေါင်းဆောင် မောင်မောင်လွင် ဒူးဒဏ်ရာကြောင့် FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲကိုလွဲချော်မည်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာအသင်း ခေါင်းဆောင် တစ်ဦးဖြစ်ပြီး အဓိကကွင်းလယ် ကစားသမား မောင်မောင်လွင် သည် ဒူးဒဏ်ရာကြောင့်ရက်သတ္တ ခြောက်ပတ်ခန့် အနားယူရမည် ဖြစ်သည့်အတွက် မြန်မာအသင်း နှင့်အတူ FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲကို လွဲချော်မည် ဖြစ်ကြောင်း ၎င်း၏လူမှုကွန်ရက် စာမျက်နှာ၌ ယနေ့တွင် ဖော်ပြ ထားသည်။

မောင်မောင်လွင်သည် နောက် ပိုင်းနှစ်များတွင် မြန်မာအသင်း ခေါင်းဆောင်တာဝန်ယူပြီး အသင်း တွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသနေကာ ရန်ကုန် ယူနိုက်တက် အသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင် နေသူဖြစ်သည်။

မောင်မောင်လွင်သည် ရန်ကုန် ယူနိုက်တက်အသင်းနှင့် ကစားစဉ် ဒူးဒဏ်ရာရရှိခဲ့ပြီး ကြံ့ခိုင်မှုပြန် လည်ပြည့်ဝရန် အနည်းဆုံး ရက်သတ္တ ခြောက်ပတ်ခန့်အနား ယူရမည့် အခြေအနေကြောင့် ရန်ကုန်ယူနိုက်တက် အသင်း အတွက် ပွဲစဉ်များကိုလွဲချော်မည့် အပြင် မြန်မာအသင်းနှင့်လည်း FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲ ကို လွဲချော်မည်ဖြစ်သည်။

မြန်မာအသင်းသည် FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲ၌ Divsion- 2 အဆင့်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်း၊ တီမော လက်စ်တေအသင်း တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပြိုင်ပွဲကို တရုတ်(တိုင်ပေ)တွင် စက်တင်ဘာ ၂၄ ရက်မှ အောက်တို ဘာ ၃ ရက်ထိ ကျင်းပမည်ဖြစ် ကြောင်းသိရသည်။

STA

# Guadalajara Open တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်မယ်များဖြစ်သည့် ဂျိုဗစ်နှင့် စတီယန်တို့တက်ရောက်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၉

မက္ကဆီကိုနိုင်ငံတွင် ကျင်းပ နေသည့် Guadalajara Open အမျိုးသမီးတစ်ဦးချင်း တင်းနစ် ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအပြီးတွင် ဗိုလ်လုပွဲ အဆင့်သို့ အမေရိကန် တင်းနစ်မယ်များဖြစ်သည့် ဂျိုဗစ် နှင့် စတီယန်တို့တက်ရောက်ခဲ့ ကြောင်း WTA သတင်းဝက်ဘ် ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဂျိုဗစ်က ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေ အဆင့် (၂) သတ်မှတ်ခံထားရသူ ဖြစ်ပြီး ပြိုင်ပွဲတွင်ရလဒ် ကောင်းများ ဆက်တိုက်ရယူခဲ့ ကာ ဗိုလ်လုပွဲအဆင့်တက်ရောက် ခဲ့သကဲ့သို့ စတီယန်အနေဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေ အဆင့် သတ်မှတ်ခံထားရခြင်း မရှိခဲ့သော်လည်း ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရယူခဲ့ကာ ဗိုလ်လုပွဲအဆင့် တက်ရောက် ခဲ့ခြင်းဖြစ်သည်။

Guadalajara Open အမျိုးသမီးတစ်ဦးချင်း တင်းနစ် ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ် များကို ယနေ့တွင် ကစားခဲ့ရာ စတီယန်က ရုရှားတင်းနစ်မယ် ဆွန်ဆိုနိုဗာကို (၆-၇)၊ (၂-၆) ရလဒ်ဖြင့်အနိုင်ရခဲ့ပြီး ဂျိုဗစ်က စပိန်တင်းနစ်မယ် ဘူစကာကို (၄-၆)၊ (၁-၆)ရလဒ်ဖြင့် အနိုင် ရကာ ဗိုလ်လုပွဲအဆင့်သို့တက် ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျိုဗစ်နှင့် စတီယန်တို့သည် Guadalajara Open အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လု ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက် တွင် ဆက်လက်ကစားမည်ဖြစ် ကြောင်း သိရသည်။

Ref : WTA

Trs : STA

# ကိုလာဇိုက နံရိုးကျိုးဒဏ်ရာကြောင့် ဆန်ဒိုဗယ်နှင့် ထိုးသတ်မည့် WBA၊ WBO ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ကိုဖျက်သိမ်း



ဝါရှင်တန် စက်တင်ဘာ ၁၉

ပွာတိုရီကို လက်ဝှေ့သမား ကိုလာဇိုက နံရိုးကျိုးဒဏ်ရာ ကြောင့် WBA၊ WBO ဖလိုင်းဝိတ် တန်း ချန်ပီယံခါးပတ်ကာကွယ် ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့ သမား ဆန်ဒိုဗယ်နှင့်ထိုးသတ်မည့် ပွဲစဉ်ကိုဖျက်သိမ်းကြောင်း ယနေ့ တွင် ကြေညာခဲ့သည်ဟု Source Boxing သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အစောပိုင်းက လက်ရှိ WBA၊ WBO ဖလိုင်းဝိတ်တန်းချန်ပီယံ ကိုလာဇိုနှင့် ဆန်ဒိုဗယ်တို့ပွဲစဉ်ကို လာမည့် အောက်တိုဘာ ၁၀ ရက် တွင် အမေရိကန်နိုင်ငံ ချီကာဂို ပြည်နယ်၌ ထိုးသတ်ရန်စီစဉ် ထားခြင်းဖြစ်သည်။

သို့သော် ကိုလာဇိုသည် ဆန်ဒို ဗယ်နှင့်ထိုးသတ်ရန် လေ့ကျင့်စဉ် နံရိုးကျိုးဒဏ်ရာရရှိခဲ့ပြီး ဆေးကုသ မှုခံယူကာ အနားယူရမည်ဖြစ်သည့် အတွက် WBA၊ WBO ဖလိုင်းဝိတ် တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲ စဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ကိုလာဇိုသည် ၂၀၂၄ ခုနှစ် နိုဝင် ဘာ ၁၆ ရက်က ထိုင်းလက်ဝှေ့ သမားသန်မာနွန်ကို အနိုင်ရပြီး WBA ဖလိုင်းဝိတ်တန်းချန်ပီယံ ခါးပတ်ကို ဆွတ်ခူးခဲ့သကဲ့သို့ WBO ဖလိုင်းဝိတ်တန်းချန်ပီယံ ခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် မတ် ၁၄ ရက်က အမေရိကန် လက်ဝှေ့သမားဟာရီနှင့် ထိုးသတ် ခဲ့ရာ အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ကြောင်း သိရသည်။

Ref : Source Boxing

Trs : STA

# ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ကို ပွဲအနည်းဆုံးဖြင့်ပြည့်မြောက်သည့် ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းရပ်တည်

ဘာလင် စက်တင်ဘာ ၁၉

ဘိုင်ယန်မြူးနစ် အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ကို ပွဲအနည်းဆုံး ဖြင့် ပြည့်မြောက်သည့် ကစား သမားအဖြစ် ရပ်တည်ခဲ့ ကြောင်း B/R Football သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ယနေ့နံနက်ပိုင်းက ကစားခဲ့ သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယူနီယံဘာလင် အသင်းတို့ပွဲစဉ် တွင် ဟယ်ရီကိန်းသည် ပွဲချိန် ၅၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဘိုင်ယန်မြူး နစ်အသင်းနှင့်အတူ ဂျာမန်ဘွန် ဒက်လီဂါပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်း မတိုင်မီက ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ကို ပွဲအနည်းဆုံး ဖြင့် ပြည့်မြောက်ခဲ့သည့် ကစား သမားအဖြစ် ၁၉၇၇ ခုနှစ်က မိန့် အသင်း ကစားသမားဟောင်း ဒီတာမူလာက ၁၂၈ ပွဲဖြင့် ရပ်တည် နေသော်လည်း ယခုအခါ ဟယ်ရီကိန်းက ၉၈ ပွဲဖြင့် ကျော်ဖြတ်ပြီး သွင်းဂိုး ၁၀၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့ သည့် ကစားသမားအဖြစ်ရပ် တည်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ယူနီယံ ဘာလင်အသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ၅၄ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး ထပ်မံသွင်းယူခဲ့ ပြီးနောက် အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်လီဂါ သွင်းဂိုး ၁၀၁ ဂိုးထိ ရှိလာခဲ့ပြီး ယခုနှစ် ဘောလုံးရာသီပြိုင်ပွဲစုံ ခုနစ်ပွဲ ကစားပြီးချိန်တွင် သွင်းဂိုး ငါးဂိုး သွင်းယူထားကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကြိုဆို

ဆုလတ်မေ

နှစ်ပေါင်းများစွာ ခံ့ညားထည်ဝါစွာတည်ရှိခဲ့သည့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မတိမ်ကော မပျောက်ပျက်စေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစ၍ နိုင်ငံတော်က ကျင်းပပေးခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲကြီးသည် ၂၇ ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

သာယာငြိမ့်ညောင်းဖွယ်သံစဉ်များကို ကြားရလျှင် လူတို့၏စိတ်နှလုံးဘဝင်တွင် လွမ်းမောကြည်နူးစေသည်။ မြူးကြွသည့်သံစဉ်များကို ကြားရလျှင် တက်ကြွလန်းဆန်းစိတ်ရွှင်လန်းမှုကို ဖြစ်စေသည်။ မြန်မာတို့၏ ပင်ကိုဗီဇနှင့် စိတ်ဓာတ်၊ စရိုက်လက္ခဏာများအရ ရှေးအစဉ်အဆက်ကတည်းက မြန်မာတို့နှင့် လိုက်ဖက်တင့်တယ်သော အနုပညာသံစဉ်တေးသွားများမှာ ရှိပြီးဖြစ်သည်။ လက်ရှိတွင် ခေတ်ရေစီးကြောင်းနှင့် ပြောင်းလဲလာသော အခြေအနေများအရ အနောက်တိုင်းတေးဂီတများ ဝင်ရောက်လာနေသော်လည်း မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာ အနုပညာသံစဉ်များသည် မပျောက်ကွယ်သင့်ပေ။ ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအနုပညာများ မကွယ်ပျောက်စေရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်သည်။

ယခုရောက်ရှိလာမည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို (၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊(၂)အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေး စိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ (၃) မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ (၄) နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်လေးရပ်ကိုချမှတ်ကာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် လျာထားသော ပြိုင်ပွဲအဆင့်များမှာ ဝါသနာရှင် (ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ် အတွင်း)အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅နှစ် အတွင်း)အဆင့်တို့ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ရာ ပြိုင်ပွဲဝင်များ၏ ကျွမ်းကျင်မှု အနုပညာအမျိုးမျိုးကို ဝါသနာရှင်အဆင့်၊ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် စသည်ဖြင့် အတန်းလိုက်ယှဉ်ပြိုင်ဖော်ထုတ်မှုများကို မြိုင်မြိုင်ဆိုင်ဆိုင် ကြည့်ရှုခံစားရတော့မည်ဖြစ်သည်။

**❖ ယနေ့မျက်မှောက်ကမ္ဘာတွင် ပွင့်လင်းလွတ်လပ်မှုများနှင့်အတူ မီဒီယာနည်းပညာကိုအသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာထိုးဖောက်မှု အမျိုးမျိုးက နယ်ပယ်အသီးသီးတွင် ဝင်ရောက်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုထွန်းတောက်လာစေရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်ရေးအတွက် အမျိုးသားရေး အသိ၊ အမျိုးသားရေးသတိ မြဲမြံစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။❖**

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဥစ္စာဓနကြွယ်ဝမှု၊ သယံဇာတပေါများမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာထူးချွန်မြင့်မားမှုများအပြင် ၎င်းနိုင်ငံ၏ ရှည်လျားသည့် သမိုင်းကြောင်းနှင့် ယှဉ်တွဲဖြစ်ထွန်းလာသည့် ရိုးရာယဉ်ကျေးမှု အနုသုခုမများ၊ ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်။ မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသည့် သမိုင်းအစဉ်အလာရှိခဲ့သည်။ မြန်မာတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မှုများဖြစ်သည့်အတွက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ သီးသန့်ပိုင်ဆိုင်သော အမျိုးသားရေးသင်္ကေတ၊ အမျိုးသားရေးလက္ခဏာဟုပင် ခေါ်ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးတို့၏ ရေမြေရာသီဥတုနှင့် ရိုးရာယဉ်ကျေးမှုကို မှီတည်၍ ရိုးရာဂီတအနုပညာများသည်လည်း မတူကွဲပြားကြသည်။ မတူကွဲပြားမှုများနှင့်အတူ အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုစုစည်း၍ ယဉ်ကျေးမှု အနုသုခုမတည်းဟူသော ခေါင်းစဉ်အောက်တွင် ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များမပျောက်ပျက်အောင် ကြိုးပမ်းဖော်ထုတ်ရမည်ဖြစ်သကဲ့သို့ ဆက်လက်ပြန့်ပွားအောင်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်က ကြီးမှူးကျင်းပဆောင်ရွက်ပေးလျက်ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်တည်ရှိနေခြင်းဖြစ်သည်။

ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြသနေသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်သွားပါက လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရလည်း ပျောက်ဆုံးသွားမည်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နည်းပညာနှင့် ယဉ်ကျေးမှုများ အရှိန်အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ် တိုးတက်နေသော်လည်း ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များ တည်တံ့ခိုင်မြဲစေရန် လူမျိုးတိုင်း နိုင်ငံတိုင်းက တန်ဖိုးထားထိန်းသိမ်းလျက်ရှိသည်။ အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုမြင့်မားလေ နိုင်ငံနှင့်လူမျိုး၏အဆင့်အတန်း မြင့်တက်လေပင်ဖြစ်သည်။ ထို့ကြောင့် ဘိုးဘေးဘီဘင်တို့က အမွေအနှစ်အဖြစ် ချန်ထားရစ်ခဲ့သည့် အနုသုခုမပညာရပ်များကို မျက်မှောက်ကာလမှသည် နောင်ကာလရာတုအဆက်ဆက်တိုင် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်တစ်ရပ်ပင် ဖြစ်သည်။

ယနေ့မျိုးဆက်သစ်လူငယ်များ မွေးဖွားကြီးပြင်းရာခေတ်တွင် နိုင်ငံအသီးသီး လူမျိုးအသီးသီး ၏ အမျိုးမျိုးသော ယဉ်ကျေးမှုများသည် မီဒီယာနည်းပညာများကိုအသုံးပြု၍ လွတ်လပ်ပွင့်လင်းစွာ စီးဆင်းလျက်ရှိသည်။ အတုယူရမည့်အရာများရှိသလို အတုမယူသင့်သည့် အရာများလည်း ပါဝင်လျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ် လူငယ်များ အတုယူမှား လမ်းမှားမလိုက်မိစေရန်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။ လူငယ်များ၏ စိတ်နှလုံးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမများကို တန်ဖိုးထား နှစ်သက်မြတ်နိုးစိတ် စွဲထင်နေမှသာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့၏တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားကာ အထူးအလေးထားပြီး စုပေါင်းကာကွယ် ထမ်းဆောင်ကြရမည်ဖြစ်သည်။ မိမိတို့၏ယဉ်ကျေးမှုကို နှောင့်ယှက်ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်း ထိန်းသိမ်းသွားရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်ပါ ပုဒ်မ-၂၇ အရ နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်ဟူသည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ - ၃၃ အရ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်ဟူသည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ ၃၉၀ (က) အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအချက်ကိုလည်းကောင်း အလေးထား၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အဖြစ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးနေခြင်းဖြစ်သည်။ ယခု ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက်ပြိုင်ပွဲကြီးတွင် ရွက်ပုန်းသီး အနုပညာရှင်များ၏ ဆုတံဆိပ်ရရှိမှုအခြေအနေများကိုလည်း နှစ်ထောင်းအားရဖွယ် မြင်တွေ့ကြရတော့မည်ဖြစ်သည်။

အချုပ်ဆိုရသော် ယနေ့မျက်မှောက်ကမ္ဘာတွင် ပွင့်လင်းလွတ်လပ်မှုများနှင့်အတူ မီဒီယာနည်းပညာကို အသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးက နယ်ပယ်အသီးသီးတွင် ဝင်ရောက်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုထွန်းတောက်လာစေရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ မြဲမြံစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဦးတည်ချက်လေးရပ်ဖြင့် မကြာမီကျင်းပတော့မည်ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အနုသုခုမလက်ရာများကို တွေ့မြင်အားပေးကြရတော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၅-၈-၂၀၂၆ ထုတ် ကြေးမုံသတင်းစာ
- (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မှတ်တမ်းစာအုပ်
- ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ အလုပ်သမားဝန်ကြီးဌာန

## အမွှေ ရုပ်ရှင်ဇာတ်ကား Family Show ကို မရမ်းကုန်းမြို့နယ် နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်




**ရန်ကုန် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၂၅ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် အမွှေရုပ်ရှင်ဇာတ်ကား Family Show ကို စက်တင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေး အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် နေတိုးက ပြောပြ၍ သိရသည်။

အဆိုပါ အမွှေရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဇင်အောင်၊ လွင်မင်းအုံ့တို့က ရေးသားထားကာ လွင်မင်းအုံ့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ဩရသက H&L နှင့် ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေးတို့အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"အမွှေ ရုပ်ရှင်ဇာတ်ကားမှာ ကျွန်တော်က မျိုးရိုးစဉ်ဆက် ချမ်းသာတဲ့သူဌေးသားတစ်ယောက်အနေနဲ့ ပါဝင်ထားခဲ့ပါတယ်။ တော်ဝင်ထက်ခေါင် သားအကြီးနေရာက ပါဝင်ထားပါတယ်။ သရုပ်ဆောင်တွေကိုလဲ ကာရိုက်တာ ပီပြင်အောင် ရွေးချယ်ပြီး ရိုက်ကူးထားတာပါ။ ပုံမှန် ဇာတ်လမ်းအမျိုးအစား မဟုတ်တဲ့အတွက် ကြောင့်မို့ တွဲဖက်နေကြမဟုတ်တဲ့ သရုပ်ဆောင်တွေနဲ့ တွဲဖက်ရိုက်ကူးထားတာပါ။ လူတွေကြားမှာ ဖြစ်ပျက်နေကြတဲ့ အတ္တတွေကို ပုံဖော်ထားပါတယ်။ ရုံတင်တဲ့ အချိန်ကျရင်လဲ လာရောက်အားပေးကြပါအုံး"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် နေတိုးက ပြောပြသည်။

အဆိုပါ အမွှေရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ နေအောင်၊ ဇင်အောင်၊ နော်ဖောအယ်ထား၊ ဝါဆိုမိုးဦး၊ ယမင်းမေဦး၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## K-pop အနုပညာရှင်များ Circle Chart ၏ အသိအမှတ်ပြုလက်မှတ်များ ဆွတ်ခူး

**ဆိုးလ် စက်တင်ဘာ ၁၉**

ကိုရီးယားတေးဂီတအဖွဲ့အစည်းတစ်ခုဖြစ်သည့် (Circle Chart) ၏ တရားဝင်စံချိန်စံညွှန်းသတ်မှတ်ချက်များအရ K-pop အနုပညာရှင်တချို့၏ အယ်လ်ဘမ်များနှင့် သီချင်းများသည် အရောင်းဆိုင်ရာ မီလီယံနှင့် ပလက်တီနမ် အသိအမှတ်ပြု လက်မှတ်များကို အသီးသီးရရှိခဲ့ကြကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

CORTIS အဖွဲ့၏ အယ်လ်ဘမ်သည် အချပ်ရေ တစ်သန်းကျော် ရောင်းချနိုင်ခဲ့ခြင်းကြောင့် မီလီယံ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ပြီး ၎င်းတို့၏ ဂီတခရီးလမ်းအတွက် အရေးပါသော မှတ်တိုင်သစ်တစ်ခု ဖြစ်လာခဲ့သည်။

ထို့ပြင် ကျော်ကြားသည့် K-pop အနုပညာရှင်များနှင့် အဖွဲ့များဖြစ်ကြသော (G)I-DLE၊ TXT အဖွဲ့ဝင် ယွန်းဂျွန်၊ ဆယ်ဗင်တီးန်၏ V8 နှင့် ILLIT တို့၏ အယ်လ်ဘမ်များမှာလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပလက်တီနမ် အသိအမှတ်ပြုလက်မှတ်များကို ဆွတ်ခူးနိုင်ခဲ့ကြသည်။

အယ်လ်ဘမ် အရောင်းစာရင်းများသာမက ရေပန်းစားနေသည့် တေးသီချင်းများအတွက် Streaming အသိအမှတ်ပြု လက်မှတ်များကိုလည်း ချီးမြှင့်ခဲ့ရာ LE SSERAFIM နှင့် အခြားသော အနုပညာရှင်များ၏ သီချင်းများကပါ အောင်မြင်မှုများ ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : YZA



## အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၉**

အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ စက်တင်ဘာ ၂၀ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် မိုးအောင်ရင်က ပြောပြ၍ သိရသည်။

အဆိုပါ အောက်ဆီဂျင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မနုတ်ကိုကိုဇော်က ရေးသားထားပြီး ဒီရေလှိုင်းက ဇာတ်ညွှန်းခဲ့ကာ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ နေပိုင်က တာဝန်ယူ ပုံဖော်ဖန်တီးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ကားက လွန်ခဲ့တဲ့ ခုနစ်နှစ်ကျော်လောက်က ရိုက်ကူးခဲ့တဲ့ ကားပါ။ ဒါပေမဲ့ အချစ် အက်ရှင်ဇာတ်လေးမို့ ဘယ်အချိန်ကြည့်ကြည့် ရိုးသွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ မင်းသား သုံးလက်ဆိုတဲ့ ဇာတ်လို့လဲ ပြောလို့ရပါတယ်။ အချစ်မှာ ကြေကွဲစရာ ကြုံလာရင် ကြည်နူးစရာက အောက်ဆီဂျင်ပဲ ဆိုတဲ့သဘောပါ။ ဒီဇာတ်ကားက ၂၀၂၄ ခုနှစ် ဇူလိုင်လတုန်းက ရုံတင်ပြသထားပါတယ်။ အခု ဒီဇာတ်ကားကို CANAL+ ZAT LENN Channel ကနေ တစ်ပိုင်းတည်း အပြီးထုတ်လွှင့်ပေးသွားမှာပါ"ဟု အဆိုပါဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် မိုးအောင်ရင်က ပြောပြသည်။




အဆိုပါ အောက်ဆီဂျင်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ မိုးအောင်ရင်၊ အောင်ခိုင်၊ ရဲအောင်၊ နေဆန်း၊ နေနေဝ်၊ နေရဲ၊ ရွှေမှုန်ရတီ၊ ဆောင်းဝတ်ရည်မေ စသည့်သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး CANAL+ ZAT LENN Channel မှ စက်တင်ဘာ ၂၀ ရက် တနင်္ဂနွေနေ့ ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

## The Hunger Games ရုပ်ရှင်စီးရီးသစ်ကို ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်

**လော့စ်အိန်ဂျလိ စက်တင်ဘာ ၁၉**

ကမ္ဘာတစ်ဝန်း အောင်မြင်မှု ရရှိခဲ့သည့် The Hunger Games ရုပ်ရှင်စီးရီးသစ်ကို ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်စီးရီးသစ်တွင် အချင်းချင်း ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင် ၄၈ ဦးထိ ပါဝင်မည်ဖြစ်ရာ ယခင်ဇာတ်ကားများထက် သရုပ်ဆောင်အရေအတွက် နှစ်ဆပိုမိုများပြားပြီး ဇာတ်ဝင်ခန်း ရိုက်ကူးမှုများနှင့် စတန့်ပြကွက် စီစဉ်မှုများအတွက် ကြီးမားသည့်စိန်ခေါ်မှုများစွာကို ကျော်ဖြတ်ခဲ့ရကြောင်း ရိုက်ကူးရေးအဖွဲ့က ပြောကြားသည်။

ရိုက်ကူးရေးလုပ်ငန်းများကို စပိန်နိုင်ငံရှိ သဘာဝအတိုင်း တည်ရှိနေသော အက်စတူရီးယားစ် တောင်တန်းဒေသများ၌ သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ယခုဇာတ်ကားကို လာမည့် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ တစ်ပြိုင်တည်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်စီးရီးသစ်ကို တာဝန်ခံရိုက်ကူးသည့် ဒါရိုက်တာ ဖရန့်စ်စ်လောရင့်စ်ထံမှ သိရသည်။

Ref : Russia Today
Trs : YZA



## တေးသံရှင် ဖိုးကာနှင့် ဆုန်သင်းပါရ်တို့၏ Music Show တေးဂီတဖျော်ဖြေပွဲကို ပြင်ဦးလွင်မြို့နယ်ရှိ King & Queen Entertainment တွင် ပြုလုပ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

တေးသံရှင် ဖိုးကာနှင့် တေးသံရှင် ဆုန်သင်းပါရ်တို့၏ Music Show တေးဂီတ ဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ King & Queen Entertainment ၌ စက်တင်ဘာ ၂၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖိုးကာထံမှ သိရသည်။

တေးသံရှင် ဖိုးကာနှင့် ဆုန်သင်းပါရ်တို့၏ Music Show တေးဂီတ ဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို Rockstar Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချစ်ရတဲ့ ပရိသတ်များအားလုံးကို စက်တင်ဘာရဲ့ အမှတ်တရ ညလေးတစ်ညမှာ ကျွန်တော်တို့ရဲ့ သီချင်းကောင်းလေးတွေနဲ့ အတူ ပျော်ရွှင်စွာဆုံတွေ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ Rockstar Music Band ရဲ့ Live Music အပြည့်နဲ့ အတူတူလိုက်ဆိုရင်း အမှတ်တရတွေ ဖန်တီးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် ဖိုးကာက ပြောပြသည်။

တေးသံရှင် ဖိုးကာနှင့် ဆုန်သင်းပါရ်တို့၏ Music Show တေးဂီတဖျော်ဖြေပွဲကို King & Queen Entertainment တွင် လာမည့် စက်တင်ဘာ ၂၆ ရက် ည ၇ နာရီမှ စတင်ကာ ည ၁၀နာရီ မိနစ် ၃၀ ထိ ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Vice President U Nyo Saw visits Guangxi's Pinglu Canal and Qinzhou Automated Container Terminal, meets Guangzhou Mayor



Vice President U Nyo Saw meets Guangzhou Mayor Mr. Sun Zhiyang.

**Nanning September 19**

Vice President U Nyo Saw, who is currently visiting People's Republic of China, arrived in Guangzhou in the afternoon of September 19 together with Union Minister U Tun Ohn and members of the delegation and met with Mr. Sun Zhiyang, Mayor of Guangzhou, Guangdong Province, and exchanged views and held discussions on bilateral relations, cooperation matters and the promotion of maritime trade.

On the morning of September 18, the Vice President, together with members of the delegation, visited the Madao Hub of the Pinglu Canal in Qinzhou, which directly connects the sea with the river to facilitate the passage of cargo vessels. Local party officials and responsible officials from Qinzhou welcomed the Vice President and explained the progress of the Pinglu Canal project, its benefits and the types of vessels permitted to navigate the canal.

Afterwards, the Vice President visited an AI-powered automated container terminal and its berths in Qinzhou. Local authorities and port officials explained the berthing of domestic and foreign vessels, cargo loading and unloading operations using AI technology, technological innovations including digital technologies, and regional connectivity through advanced technologies.

On the evening of September 17, the Vice President, together with members of the delegation, met with Mr Wei Tao, Chairman of the Guangxi Zhuang Autonomous Region, at the Liyuan International Conference Centre. They held cordial and frank discussions on strengthening bilateral relations, promoting bilateral cooperation, accelerating bilateral trade cooperation, and promoting the implementation of the Belt and Road Initiative and the China-Myanmar Economic Corridor.

MNA

# Local authorities earmark cultivation of more than 2,000 acres of winter sesame

**Taze September 19**

According to the data from Taze Township Agriculture Department, local farmers will grow more than 2,000 acres of winter sesame in Taze Township of Mandalay Region this year.

During the 2026-2027 winter crop season, Taze Township has set a target of cultivating 2,017 acres of winter sesame, with cultivation scheduled to take place from October to December this year.

"During the coming winter crop season, Taze Township has set a target of cultivating more than 2,000 acres of winter sesame. We will make efforts to achieve the targeted acreage. Sesame cultivation has been increasing year by year. Sesame is mainly cultivated in the winter rather than the monsoon season. As an oilseed crop, it has been performing successfully," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

This year, the Township Agriculture Department will provide farmers cultivating sesame with awareness on expanding sesame cultivation, proper cultivation methods, Good Agricultural Practices (GAP), the use of quality and pure seeds, and the cultivation of high-yielding varieties.

Crops cultivated and produced in accordance with GAP standards have benefits such as better quality and higher prices than those produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers adopting GAP practices can improve their economic returns and enhance their socioeconomic well-being.

206



A sesame plantation.

# Maubin Township supplies large quantities of spiny eels to Yangon market in August

**Maubin September 19**

According to Daw Yu Yu Wai, an entrepreneur engaged in the trading of aquatic products in Maubin Township, Ayeyawady Region, a large volume of spiny eels was exported and sold from Maubin Township to the Yangon market in August.

In July, 45,000 viss of spiny eels were exported and sold from Maubin Township to the Yangon market. From 1 to 31 August, the volume increased to as much as 56,000 viss. The increase in sales of spiny eels was attributed to stronger exports of locally sourced spiny eels to international markets.

"Spiny eels caught naturally are the main product from Maubin Township. During the past month, as much as 56,000 viss of spiny eels were exported and sold to the Yangon market. There is also strong demand for spiny eels in the domestic market. Locally sourced spiny eels are mainly shipped to the Yangon market. They have to be properly cleaned and prepared before shipment to reduce spoilage and prevent losses. Clean, high-quality spiny eels have stronger demand in the market. The spiny eels shipped from here are further distributed and sold to other domestic and overseas markets through Yangon," said Daw Yu Yu Wai.

In Maubin Township, 10 viss of spiny eels fetched up to K215,000 in August. Spiny eels are sourced both from aquaculture operations and from natural catches in creeks, ponds, ditches and paddy fields in the area.

Kyaw Kyaw Lin



Eels being put into boxes.

# US allies facing five-year delay in missile deliveries – Bloomberg

**Washington September 19**

The US has warned its allies that deliveries of key missile systems are likely to be delayed by several years due to depleted weapons stocks amid the Iran war, Bloomberg reported on Friday, citing sources. The shortage is also complicating EU efforts to support Kiev with desperately needed air defense ammunition, the article says.

In this vein, Germany asked Washington to accelerate deliveries of Tomahawk cruise missiles and ground-based Typhon launchers, but Raytheon is unlikely to fulfill the order within five years because of stock deficits, according to the outlet. Some Eastern European countries have also experienced delays since shortly after the US-Israeli war on Iran began, Bloomberg sources have claimed.

While US President Donald Trump has rejected claims that the Iran war has left the US short of ammunition, the Pentagon has publicly acknowledged the strain. Earlier this week, the Defense Department inspector general reported that heavy weapons expenditure in the Iran campaign "has resulted in strategic inventory shortfalls and revealed industrial base bottlenecks for munitions resupply."

A separate Congressional Budget Office assessment said that the US had consumed between one-half and two-thirds of its inventory of certain missile-defense interceptors since June 2025, adding that rebuilding those stocks could take at least five years even if production increases.

RT

# Kanbalu District to grow more than 10,000 acres of canola and niger this year



A thriving niger plantation.

**Kanbalu September 19**

According to statistics from the Kanbalu District Department of Agriculture, more than 11,000 acres of canola and niger will be cultivated in Kanbalu District, Sagaing Region, during this year's winter crop season.

During the 2026-2027 winter crop season, 11,918 acres of canola and niger are targeted for cultivation in Kanbalu District, with planting scheduled to begin in October and continue through December this year.

"More than 11,000 acres of niger and canola are targeted for cultivation in Kanbalu District during the winter crop season. We will make arrangements to ensure that the targeted acreage is fully cultivated. Niger and canola are cultivated annually. They are used not only for producing oil but also for medicinal purposes," said Daw Hla Kyi, head of the Kanbalu District Department of Agriculture.

For the 2026-2027 winter crop season, the township-wise cultivation targets for canola and niger in Kanbalu District are 563 acres of canola and 5,558 acres of niger in Kanbalu Township, and 455 acres of canola and 5,342 acres of niger in KhinU Township, totaling 11,918 acres.

Niger and canola are cultivated regularly year after year in Kanbalu District. In Sagaing Region, these crops are generally cultivated mainly in Katha and Kawlin districts.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Shwebo Township plans to cultivate more than 7,000 acres of groundnut in coming winter

**Shwebo September 19**

The Shwebo Township Department of Agriculture stated that more than 7,000 acres of groundnut will be cultivated in Shwebo Township, Sagaing Region, during the coming winter crop season.

During the 2026-2027 winter crop season, 7,323 acres of groundnut are targeted for cultivation in Shwebo Township, with planting scheduled to begin in October and continue through December this year.

"More than 7,000 acres of groundnut are targeted for cultivation in Shwebo Township during this year's coming winter crop season. We will make arrangements to ensure that the targeted acreage is fully cultivated. Groundnut cultivation has been successful and is growing well. As an oilseed crop, groundnut cultivation is in a successful condition. Groundnut cultivation has been increasing year by year," said U San Oo, head of the Shwebo Township Department of Agriculture.

In Shwebo Township, about 1.5 baskets of seed are required to cultivate one acre of groundnut. The total cost, including seed, labour, fertilizer and pesticides, is more than 200,000 kyats per acre. It is reported that more than 50 baskets of groundnut can be harvested per acre.

This year, staff from the Township Department of Agriculture will conduct field inspections of groundnut plantations and maintain monitoring records to help ensure successful crop growth, prevent pest and disease outbreaks, and keep the plantations free of weeds.

206

# Farmers to plant more than 5,000 acres of vegetables in Bamauk Township this year

**Bamauk September 19**

The Katha District Department of Agriculture stated that more than 5,000 acres of vegetables will be cultivated in Bamauk Township, Sagaing Region, during the coming winter crop season.

During the 2026-2027 winter crop season, 5,630 acres of vegetables are targeted for cultivation in Bamauk Township, with planting scheduled to begin in October and continue through December this year.

"More than 5,000 acres of vegetables are targeted for cultivation in Bamauk Township during this year's coming winter crop season. The crops include mustard, chilli, spices, potatoes, cauliflower, eggplant and cabbage. Farmers are being provided with technical assistance to enable them to grow all vegetables in accordance with Good Agricultural Practices (GAP). We will also provide farmers with technical guidance on cultivating all vegetables in a way that is safe for health and minimizes chemical residues," said Daw Khin Myat Myat Oo, head of the Katha District Department of Agriculture.

This year, the Township Department of Agriculture in Bamauk Township is providing vegetable growers with technical training on cultivation in accordance with GAP standards, as well as technical assistance to ensure that vegetables produced from their farms are safe and healthy. It will also take measures to encourage farmers to expand vegetable cultivation.

Various seasonal vegetables are cultivated annually in Bamauk Township. The crops have reportedly grown successfully and generated income for farming families. The Township Department of Agriculture will also provide farmers who plan to grow vegetables with awareness-raising and technical guidance on proper cultivation methods, pest prevention, and the preparation and use of organic fertilizers, organic pesticides and pest repellents.

206

# Local authorities decide to grow more than 3,000 acres of groundnut in Yinmabin Township this year

**Yinmabin September 19**

Statistics from the Yinmabin Township Department of Agriculture indicated that more than 3,000 acres of groundnut will be cultivated in Yinmabin Township, Sagaing Region, during this year's winter crop season.

During the 2026-2027 winter crop season, 3,010 acres of groundnut are targeted for cultivation in Yinmabin Township, with planting scheduled to begin in October and continue through December this year.

"More than 3,000 acres of groundnut are targeted for cultivation in Yinmabin Township during this year's winter crop season. We will make arrangements to ensure that the targeted acreage is fully cultivated. Groundnut cultivation has been successful and is growing well. As an oilseed crop, groundnut cultivation is in a successful condition. Groundnut cultivation has been increasing year by year," said U Hla Myint, head of the Yinmabin Township Department of Agriculture.

In Yinmabin Township, about 1.5 baskets of seed are required to cultivate one acre of groundnut. The total cost, including seed, labour, fertilizer and pesticides, is more than 200,000 kyats per acre. It is reported that more than 50 baskets of groundnut can be harvested per acre.

This year, staff from the Township Department of Agriculture will conduct field inspections of groundnut plantations and maintain monitoring records to help ensure successful crop growth, prevent pest and disease outbreaks, and keep the plantations free of weeds.

206

# တောင်ကိုရီးယားနိုင်ငံက MH-60R Seahawk ရေတပ်သုံးရဟတ်ယာဉ်များ ထပ်မံဝယ်ယူရန် အတည်ပြု



တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေး ပစ္စည်းဝယ်ယူရေး စီမံကိန်းကော်မတီသည် MH-60R Seahawk ရေတပ်သုံး ရဟတ်ယာဉ်များ ထပ်မံဝယ်ယူရန် အတည်ပြုခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဝယ်ယူမှုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။ တောင်ကိုရီးယားရေတပ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံထံမှ MH-60R ရေတပ်သုံး ရဟတ်ယာဉ် ၁၂ စင်း မှာယူခဲ့ပြီး လက်ရှိတွင် အဆိုပါရဟတ်ယာဉ်များကို အသုံးပြုလျက်ရှိသည်။ ထိုသို့အသုံးပြုရာတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ရဟတ်ယာဉ် ခြောက်စင်းကို ရေတပ်တွင် စတင်လက်ခံအသုံးပြုခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်တွင် ရဟတ်ယာဉ်နှစ်စင်းကို တရားဝင် စစ်ဆင်ရေးတာဝန်များတွင် စတင်အသုံးပြုခဲ့ကာ ကျန်ရဟတ်ယာဉ်များကိုလည်း အဆင့်ဆင့် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုထပ်မံဝယ်ယူမည့် ရဟတ်ယာဉ်များကို Marine Operation Helicopter (MOH) II စီမံကိန်းအရ ဝယ်ယူသွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းကို ၂၀၃၂ ခုနှစ်ထိ ဆောင်ရွက်သွားရန် စီစဉ်ထားသည်။ ရေတပ်သုံးရဟတ်ယာဉ်များဝယ်ယူမှု၏ ရည်ရွယ်ချက်မှာ တောင်ကိုရီးယားရေတပ်တွင်အသုံးပြုနေသည့် သက်တမ်းရင့် Lynx ရဟတ်ယာဉ်များနေရာတွင် အစားထိုးအသုံးပြုရန်နှင့် ရန်သူ့ရေယာဉ်တိုက်ဖျက်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စွမ်းရည်များအပြင် ပျံသန်းချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်နိုင်မှုတို့ကို မြှင့်တင်ရန်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း Mk 99 Lynx နှင့် Mk 99A Super Lynx ရဟတ်ယာဉ် ၂၅ စင်း ဝယ်ယူခဲ့ပြီး အဆိုပါရဟတ်ယာဉ်များတွင် ရေငုပ်သင်္ဘောများကို ရှာဖွေထောက်လှမ်းနိုင်ရန် Dipping Sonar နှင့် ရေဒါစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

ယခုဝယ်ယူမည့် MH-60R Seahawk ရဟတ်ယာဉ်သည် အင်ဂျင်နှစ်လုံးတပ်ဖြစ်ပြီး အဓိကအားဖြင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးနှင့် ရေပြင်စစ်ဆင်ရေးများအတွက်ဒီဇိုင်းထုတ်ထားသည့် ရေတပ်သုံးရဟတ်ယာဉ်ဖြစ်သည်။ ထို့ပြင် ရှာဖွေကယ်ဆယ်ရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ဆက်သွယ်ရေးအချက်အလက် ထပ်ဆင့်ပေးပို့ရေး၊ ရေတပ်ပစ်ခတ်မှုအတွက် အထောက်အကူပြုရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးနှင့် ဆေးဘက်ဆိုင်ရာရွှေ့ပြောင်းပို့ဆောင်ရေး စသည့်တာဝန်များကိုလည်း ထမ်းဆောင်နိုင်ကြောင်း သိရသည်။

Romeo ဟုလည်း လူသိများသည့် MH-60R Seahawk ရဟတ်ယာဉ်တွင် ရဟတ်ယာဉ်အဆင့် Multimode ရေဒါ၊ Electronic Support Measures (ESM)၊ Electro-Optical၊ အနီအောက်ရောင်ခြည် အာရုံခံကိရိယာများ၊ ဒေတာချိတ်ဆက်မှုများ၊ Dipping Sonar ၊ Sonobuoys နှင့် ရဟတ်ယာဉ်အဆင့်မြှင့်တင်ရေးစနစ်များ တပ်ဆင်ထားသည်။ ထို့ပြင် တော်ပီဒိုများ၊ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များနှင့် ဒုံးပျံများသယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။

MH-60R Seahawk ရဟတ်ယာဉ်သည် အလျား ၆၄ ဒသမ ၈၃ ပေရှိပြီး အမြင့်ဆုံးပျံတက်နိုင်သောအလေးချိန်မှာ ပေါင် ၂၃၅၀၀ ဖြစ်သည်။ General Electric T700-GE-401C Turboshaft အင်ဂျင်နှစ်လုံးဖြင့်မောင်းနှင်ပြီး အင်ဂျင်တစ်လုံးလျှင် မြင်းကောင်ရေ ၁၈၉၀ ထိ ထုတ်လုပ်ပေးနိုင်သည်။

MH-60R Seahawk ရဟတ်ယာဉ် အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၆၀ ဖြစ်ပြီး အမြင့်ပျံသန်းနိုင်မှုသည် ပေ ၁၉၀၀၀ ဖြစ်သည်။ ရေပြင်စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရာတွင် သုံးနာရီ မိနစ် ၃၀ ထိ ပျံသန်းတာဝန်ထမ်းဆောင်နိုင်ကြောင်း သိရသည်။

**South Korea Approves $2.4-Billion MH-60R Seahawk Acquisition ကို ဘာသာပြန်ဆိုထားပါသည်။**

# အစ္စရေးနှင့် ဂျာမနီကုမ္ပဏီတို့က SkyStriker တိုက်ခိုက်ရေးဒရုန်း၏စွမ်းဆောင်ရည်များကို လက်တွေ့သရုပ်ပြသခဲ့

အစ္စရေးနိုင်ငံ Elbit Systems ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ Diehl Defence ကုမ္ပဏီတို့သည် SkyStriker တိုက်ခိုက်ရေးဒရုန်း၏ စွမ်းဆောင်ရည်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေး Elbit Systems ကုမ္ပဏီက ထုတ်လုပ်ထားသည့် SkyStriker တိုက်ခိုက်ရေးဒရုန်းကို လွှတ်တင်ရေးကွန်တိန်နာမှတစ်ဆင့် လွှတ်တင်ခဲ့ပြီးနောက် သတ်မှတ်ထားသည့်ပစ်မှတ်များကို အလိုအလျောက်ရှာဖွေမှတ်သားခြင်း၊ ခြေရာခံခြင်းနှင့် တိကျစွာတိုက်ခိုက်ခြင်းတို့ကို အလိုအလျောက်ဆောင်ရွက်နိုင်ကြောင်း လက်တွေ့သရုပ်ပြခဲ့သည်။

ထို့ပြင် SkyStriker တိုက်ခိုက်ရေးဒရုန်း၏ Hand-over လုပ်ဆောင်ချက်ကို ကီလိုမီတာ ၈၀ အကွာအဝေးမှသရုပ်ပြခဲ့ပြီး လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သည့် SkyLark 1 ကင်းထောက်ဒရုန်းနှင့်လည်း ချိတ်ဆက်လုပ်ဆောင်နိုင်ကြောင်း ပြသခဲ့သည်။ ၎င်းစွမ်းဆောင်ရည်သည် သီးခြားသတ်မှတ်ထားသောပစ်မှတ်များကိုရှာဖွေပြီးနောက် တိုက်ခိုက်နိုင်သည့် မစ်ရှင်များအတွက် SkyStriker တိုက်ခိုက်ရေးဒရုန်း၏ အသုံးချနိုင်မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်တွေ့သရုပ်ပြသမှုသည် SkyStriker တိုက်ခိုက်ရေးဒရုန်း၏ နည်းပညာရင့်ကျက်မှုနှင့်အသုံးချနိုင်မှု အလွန်ကျယ်ပြန့်ကြောင်း အတည်ပြုပေးခဲ့ပြီး Diehl Defence ကုမ္ပဏီအနေဖြင့် ၎င်းတို့၏ ဒရုန်းများနှင့် ခေတ်မီတပ်မတော်များ၏ လိုအပ်ချက်များကြား ပေါင်းစပ်လုပ်ဆောင်နိုင်သည့် အားသာချက်များကို လက်တွေ့နေရာတွင် ပြသနိုင်ခြင်းသည် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဂျာမနီ Diehl Defence ကုမ္ပဏီ၏ Land Systems ဆိုင်ရာ အကြီးတန်းဒုတိယဥက္ကဋ္ဌ Gunnar Pappert က ပြောကြားခဲ့သည်။

အဆိုပါသရုပ်ပြမှုသည် ဥရောပဈေးကွက်အတွင်း SkyStriker တိုက်ခိုက်ရေးဒရုန်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျာမနီနိုင်ငံအတွင်းထုတ်လုပ်နိုင်ရေး လမ်းကြောင်းပေါ်တွင် အရေးပါသည့်မှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း Elbit Systems ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Marian Rachow က ပြောကြားခဲ့သည်။

သဘောတူညီချက်အရ SkyStriker တိုက်ခိုက်ရေးဒရုန်းများကို ဂျာမနီနိုင်ငံအတွင်း ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်း၊ စနစ်ပေါင်းစည်းခြင်းနှင့် အရည်အသွေးစစ်ဆေးအတည်ပြုခြင်း လုပ်ငန်းများကို Diehl Defence ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး Elbit Systems က မဟာဗျူဟာမြောက် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူမည်ဖြစ်သည်။



SkyStriker တိုက်ခိုက်ရေးဒရုန်းတွင် လျှပ်စစ်စွမ်းအင်သုံး မောင်းနှင်စနစ်ကို အသုံးပြုထားသဖြင့် အသံနှင့် အပူထွက်ရှိမှုအလွန်နည်းပါးသော လက္ခဏာရှိပြီး ရန်သူဘက်မှ ရှာဖွေထောက်လှမ်းရန် ပိုမိုခက်ခဲစေသည်။ SkyStriker တိုက်ခိုက်ရေးဒရုန်းသည် ကီလိုမီတာ ၂၀၀ ကျော်ထိ တာဝေးတိုက်ခိုက်နိုင်စွမ်းရှိပြီး သတ်မှတ်ဧရိယာအတွင်း နှစ်နာရီကျော်ကြာ ပျံဝဲစောင့်ဆိုင်းနိုင်ကြောင်း သိရသည်။

လွယ်ကူပြီး လိုအပ်ချက်နှင့်အညီ ပြောင်းလွယ်ပြင်လွယ် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် SkyStriker တိုက်ခိုက်ရေးဒရုန်းကို အော်ပရေတာတစ်ဦးတည်းဖြင့် ထိန်းချုပ်အသုံးပြုနိုင်ပြီး ပြုပြင်ထိန်းသိမ်းမှုအနည်းငယ်သာ လိုအပ်ကာ အရွယ်အစားသေးငယ်သော သိုလှောင်ကွန်တိန်နာများအတွင်း သိမ်းဆည်းနိုင်သည်။ ထို့ပြင် SkyStriker တိုက်ခိုက်ရေးဒရုန်းကို မြေပြင်သုံးယာဉ်များနှင့် လေယာဉ်များအပါအဝင် ပလက်ဖောင်းအမျိုးမျိုးမှ လွှတ်တင်အသုံးပြုနိုင်ကြောင်း သိရသည်။

SkyStriker တိုက်ခိုက်ရေးဒရုန်းကို အစ္စရေးကုမ္ပဏီက ဥရောပတပ်မတော်များအတွက် ဈေးကွက်တင်ရောင်းချနေသည့် EuroPULS ရော့ကက်အမြောက်စနစ်မှလည်း လွှတ်တင်အသုံးပြုနိုင်ကြောင်း သိရသည်။

**Elbit, Diehl Demonstrate SkyStriker Kamikaze Drone's Capabilities ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၃၀၁၀ စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၀၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၀၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ မြေပဲ ဧက ၃၀၁၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကိုလဲ ပံ့ပိုးပေးသွားပါမယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာကြပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ပေါင်းမြက်ကင်းရှင်းစေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)






# ဥတ္တရသီရိမြို့နယ် နန်းချွန်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းချွန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ နန်းချွန်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကွင်းဆင်းစစ်ဆေး ကြည့်ရှုပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နန်းချွန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မွေးမြူရေးလုပ်ငန်း အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ စုစုပေါင်း ဦးရေ ၂၀ ကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**သူသူ**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးရှဉ့်ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးရှဉ့် ပိဿာချိန် ၅၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသဈေးကွက်မှာလဲ ငါးရှဉ့်တွေက အဝယ်လိုက်နေတာပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အချိန်မလျော့နည်းစေဖို့၊ အသေအပျောက် မရှိစေဖို့ စနစ်တကျသန့်စင်ပြီး တင်ပို့ရတာပါ။ ငါးရှဉ့်က သန့်ရှင်းပြီး အရည်အသွေးကောင်းမွန်ရင် ဈေးကွက်မှာ ဝယ်လိုအားပိုကောင်းပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။



အဆိုပါ မအူပင်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် ထန်းရုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သရက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းရုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ငုဝါထွေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်း ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကိုးဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းရုံကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရုရှားနိုင်ငံ၌ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်



**မော်စကို စက်တင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်သူ ကိုယ်စားလှယ်အဖြစ်ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိကျင်းပသည့် "လှိုင်းကြီးလေထန် ကာလများအတွင်းမှရွေးကောက်ပွဲများ" (Elections in Times of Turbulence) အမည်ဖြင့်ကျင်းပသော နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်ကြသည်။

ကွန်ဖရင့်တွင် ရုရှားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova က ဒူးမားလွှတ်တော်အမတ်များ ရွေးချယ်မည့် ရွေးကောက်ပွဲအစီအစဉ်များနှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို နိုင်ငံတကာမှ စောင့်ကြည့်ရေး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များကို ရှင်းလင်းပြောကြားသည်။

ယခုရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံမှ ကိုယ်စားလှယ် ၁၁၂၆ ဦး တက်ရောက်ကြပြီး ရုစ်နိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများအပါအဝင် ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအလိုက် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့်အတွေ့အကြုံများကို မျှဝေဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက Zaryadye Moscow Concert Hall ခန်းမ၌ ဧည့်ခံဖျော်ဖြေသည့် ရုရှားရိုးရာအကပဒေသာနှင့်တေးဂီတများကို ကြည့်ရှုအားပေးခဲ့ပြီး Zaryadye Bar ၌ ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်



**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာအလက်ဇန္ဒားဗော်ဖိုဗစ်ချ်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်ထိ ခရီးစဉ်သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ထွက်ခွာခဲ့ရာ မင့်စ်မြို့သို့ စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီရုံးမှ ပြည်ပရေးရာလုံခြုံရေးဌာနကြီးမှူး ဒီမီထရီဗစ်ထရိုဗစ်ရာဗင်ဟင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က ကြိုဆိုကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက်(The Great Patriotic War Museum)ကို သွားရောက်လေ့လာကြပြီး ပြတိုက်ရှိ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိအောင်ပွဲအထိမ်းအမှတ်ကျောက်တိုင်(The Victory Monument) သို့ သွားရောက်၍ ပန်းခွေချအလေးပြုရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ဂုဏ်ပြုခဲ့သည်။

ထို့နောက် တည်းခိုသည့် President Hotel တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးကော်မတီဥက္ကဋ္ဌ မစ္စတာအီဗန်တာတယ်နှင့်တွေ့ဆုံပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ သတင်းအချက်အလက်မျှဝေရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသို့ သွားရောက်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အိုင်ဗန်ကူဘရာကော့ဗ်နှင့် တာဝန်ရှိသူတို့က ကြိုဆိုပြီး အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေကို ရှင်းလင်းပြသကာ ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ အထူးတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် လေ့ကျင့်ရေးသင်တန်းဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တည်းခိုသည့် President Hotel ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာအလက်ဇန္ဒားဗော်ဖိုဗစ်ချ် နှင့်တွေ့ဆုံပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ကာကွယ်ရေး နှင့် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုကိစ္စရပ်များ၊ ယူရေးရှားပဋိညာဉ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ စသည့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကာ အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးက President Hotel ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဆိုဘိုးလ် ဒီမီထရီက ကာလအလိုက် သင်တန်းဖွင့်လှစ်သင်ကြားနေမှုများ၊ ဘာသာရပ်ဆိုင်ရာပို့ချနေမှုများနှင့် ပြည်တွင်း၊ပြည်ပ သင်တန်းသားများ လက်ခံဆောင်ရွက်မှုအခြေအနေတို့ကိုရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ စစ်တက္ကသိုလ်၌ သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေကို ကြည့်ရှုလေ့လာခဲ့ရာ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်မှုခင်းဆေးပညာစစ်ဆေးရေးကော်မတီ (The State Forensic Examination Committee)၏ နိုင်ငံတော်မှုခင်းဆေးပညာ စစ်ဆေးရေးစင်တာသို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မှုခင်းဆေးပညာစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ မစ္စတာအလက်ဇီဗိုလ်ကော့ဗ် ဦးဆောင်သည့်အဖွဲ့များနှင့် တွေ့ဆုံကာ မှုခင်းကျဆင်းရေး၊ ရှာဖွေဖော်ထုတ်ရေး၊ မှုခင်းဆေးပညာနှင့် သက်သေအထောက်အထားများစိစစ်ဖော်ထုတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုအခြေအနေ၊ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာနသို့သွားရောက်၍ အရေးပေါ်အခြေအနေများဆိုင်ရာ ဒုတိယဝန်ကြီး မစ္စတာဆာဂေးလ်ဆာလန်နိုဗစ် ဦးဆောင်သည့်အဖွဲ့များနှင့်တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံပြိုကျမှုများနှင့် ယာဉ်မတော်တဆမှုများတွင် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတုဗေဒပစ္စည်းများ သိုလှောင်သည့်စက်ရုံများ၏ လုံခြုံရေး အဆင့်အတန်း စစ်ဆေးခြင်းကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် ဆောင်ရွက်မှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာန(Ministry of Emergency Situations)၏ ဘေးကင်းလုံခြုံရေးပညာရေးစင်တာကိုကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်ညနေပိုင်း တွင်ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းသို့ အလှူတော်ငွေပေးအပ်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၉**

မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်းသို့ အလှူတော်ငွေပေးအပ်လှူဒါန်းခြင်း၊ ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများ၊ ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီး စာအုပ်များလှူဒါန်းခြင်းနှင့် လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ရုံး အဆောက်အအုံသစ်ဆောက်လုပ်လှူဒါန်းခြင်းအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦး မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီး ၂၇ ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဒါန်းသည့်ဝတ္ထုပစ္စည်းများနှင့် ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများ၊ ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီးစာအုပ်များကို လှူဒါန်းကြသည်။

ထို့အတူ အလှူရှင်များက မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းနှင့် လှည်းကူးမြို့နယ် မြို့နယ်သံဃနာယကရုံးသစ်အတွက် အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဲကာကျရင်ဘုဂ်မြို့၌ နိုင်ငံတကာလူငယ်ပွဲတော် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဲကာကျရင်ဘုဂ်မြို့၌ စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာလူငယ်ပွဲတော်(International Festival of Youth 2026)သို့ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာလူငယ်ပွဲတော်၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်သို့ သွားရောက်လေ့လာသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်ကြီးများနှင့်အတူ လူငယ်ပွဲတော်ကျင်းပရေး ကော်မတီ၏ အစည်းအဝေးခန်းမ၌ကျင်းပသည့် အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းရှိ တက်ကြွလှုပ်ရှားသူ လူငယ်များအကြား ချိတ်ဆက်ပေါင်းစပ်လျက်ဟန်ချက်ညီသော ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရေး၊ လူငယ်ရေးရာမူဝါဒ၏ အနာဂတ်မျှော်မှန်းချက်များကိုဆွေးနွေးအဖြေရှာရေး၊ ထိရောက်သော အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်များချမှတ်ရေးဆွဲရေးနှင့် ယနေ့ခေတ်ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းဆိုင်ရာ သဘောတရားများအပေါ်အမြင်ချင်းဖလှယ် ဆွေးနွေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် နိုင်ငံတကာလူငယ်ပွဲတော်၏ဖွင့်ပွဲသို့ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ပွဲတော်ကျင်းပရေးကော်မတီ၏ အစည်းအဝေးခန်းမ၌ နိုင်ငံတကာမှ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ လူငယ်ခေါင်းဆောင်များ၏ လူငယ်ရေးရာမူဝါဒ အမျိုးသားအဆင့် ဆောင်ရွက်နေမှုများအပေါ် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၁၅ ရက်တွင် ယဲကာကျရင်ဘုဂ်မြို့ရှိ အားကစားလေ့ကျင့်ရေးစခန်း၌ မျိုးဆက်သစ်လူငယ်များ၏ အားကစားလေ့ကျင့်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ယဲကာကျရင်ဘုဂ်ဒေသရှိပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် Mr. Pasler Denis Vladimirovich နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။




ဆက်လက်၍ ယဲကာကျရင်ဘုဂ်မြို့ရှိ လူငယ်စင်တာ(Palace of Youth Center)ကို သွားရောက်၍ ဆယ်ကျော်သက်လူငယ်များအတွက်ချမှတ်ထားသည့် အစီအစဉ်များ၊ အနုပညာတီထွင်ဖန်တီးမှုများနှင့် ဒေသဆိုင်ရာလူငယ်စီးပွားရေးစွမ်းဆောင်ရှင်များအဖွဲ့၏ထုတ်ကုန်များကို လေ့လာသည်။

ထို့မှတစ်ဆင့် အစိုးရရေကြောင်းလူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ရေကြောင်းလူငယ်များ၏လေ့ကျင့်နေမှုကိုလည်းကောင်း၊ စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာလူငယ် အသက်မွေးဝမ်းကျောင်းစခန်း(Military and Civil Youth Vocational Camp)၌ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ်များကို လက်တွေ့သင်ကြားနေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနေမှုကိုလည်းကောင်း၊ပြတိုက်စင်တာတွင်ပြသထားရှိသည့် ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က လွှင့်တင်ခဲ့သော(Buran-Class Orbiter) အာကာသယာဉ်ပျံပြန်းကို လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူငယ်ရေးရာဖက်ဒရယ်အေဂျင်စီ၏ ဒုတိယဥက္ကဋ္ဌ Mr. Denis Valerievich Ashirov နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံကြား လူငယ်ရေးရာကိစ္စရပ်များ နားလည်မှုစာချွန်လွှာ(MoU)ရေးထိုးနိုင်ရေးနှင့် အာဆီယံ-ရုရှားလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ်မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Xiaofei Tianနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ လူငယ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံအပေါင်းသုံး လူငယ်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ လူငယ်နှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံလူငယ်ရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် နိုင်ငံတကာလူငယ်ပွဲတော် ပိတ်ပွဲသို့ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါပွဲတော်သို့မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ပြည်ထောင်စုဝန်ကြီးအဆင့် ကိုယ်စားလှယ်ကြီး ၁၃ ဦး၊ ဒုတိယဝန်ကြီးအဆင့် ကိုယ်စားလှယ်ကြီး ကိုးဦးနှင့် နိုင်ငံပေါင်း ၁၉၀ ကျော်မှ လူငယ်အင်အား ၁၀၀၀၀ တို့တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

ပင်လယ်ရေကြောင်းကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ချင်းကျိုးမြို့ရှိ ကုန်တင်သင်္ဘောများဖြတ်သန်းသွားလာရေးအတွက် ပင်လယ်မှမြစ်သို့ တိုက်ရိုက်ဆက်သွယ်ထားသည့် ဖူင်လုတူးမြောင်း၏ မာတောက်(Madao)ဆုံမှတ်ကို သွားရောက်ကြည့်ရှုရာ ချင်းကျိုးဒေသခံပါတီနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဖူင်လုတူးမြောင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရရှိသည့်အကျိုးကျေးဇူးများနှင့် ဖြတ်သန်းသွားလာခွင့်ပြုနိုင်သည့် သင်္ဘောအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ချင်းကျိုးမြို့ရှိ ဉာဏ်ရည်တု(AI)နည်းပညာအသုံးပြု၍ အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို သွားရောက်ကြည့်ရှုလေ့လာရာ ဒေသခံအာဏာပိုင်နှင့် ဆိပ်ကမ်းတာဝန်ရှိသူများက ပြည်တွင်းပြည်ပသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်မှုအခြေအနေ၊ AI နည်းပညာအသုံးချ၍ ကုန်တင်ကုန်ချဆောင်ရွက်မှုအခြေအနေနှင့် ဒစ်ဂျစ်တယ်နည်းပညာများ အပါအဝင် ထိပ်တန်းနည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများနှင့်အဆင့်မြင့်နည်းပညာဖြင့် ဒေသတွင်းချိတ်ဆက်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

စက်တင်ဘာ ၁၇ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ လိယွမ်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးမှူး မစ္စတာ ဝေထောင်အားလက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံအကောင်အထည်ဖော်မှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၁၉-၇-၂၀၁၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၉**

၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီးခုတင်-၁၀၀၀ ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ဆေးရုံရှိ အရေးပေါ်ဌာန၊ ခါတ်မှန်ဆောင်၊ ခွဲစိတ်ဆောင်၊ သွေးလှူဘဏ်၊ အရိုးဆောင် ပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆေးရုံအတွင်း လျှပ်စစ်မီးကြိုးများ၊ Internet Fiber ကြိုးများ သွယ်တန်းထားရှိမှုကို စနစ်တကျဖြစ်အောင် ဆောင်ရွက်နေမှု၊ ဆေးရုံအတွင်းအန္တရာယ်ရှိ သစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အဆောက်အအုံမျက်နှာစာများ အမြင်တင့်တယ်လှပစေရေး ဆောင်ရွက်နေမှုတို့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူတို့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နေပြည်တော်ကောင်စီနယ်မြေတွင် အကျုံးဝင်အာမခံအလုပ်သမား ၂၉၁၀၉ ဦးရှိ



**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော် ကောင်စီနယ်မြေတွင် အကျုံးဝင်အာမခံအလုပ်သမား ၂၉၁၀၉ ဦးရှိပြီး အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်လူမှုဖူလုံရေး ဆေးခန်းသုံးခန်း၊ Fee for service စာချုပ်ဆေးခန်းငါးခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ ရွေ့လျားဆေးကုသယာဉ်တို့ဖြင့် ဆေးကုသမှုပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ဆေးကုသမှုပေးရာတွင် အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များပါဝင်သော ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပျဉ်းမနားသကြားစက်ရုံမှ အာမခံအလုပ်သမား ၃၀၈ ဦးနှင့် မိုးသီရိအထည်ချုပ်စက်ရုံရှိ အာမခံအလုပ်သမား ၁၃၅ ဦးတို့ကို လိုအပ်သောဆေးကုသမှုပေးခြင်း၊ ခါတ်ခွဲစစ်ဆေးပေးခြင်း၊ ECG ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် လိုအပ်သောဆေးဝါးများ ထောက်ပံ့ခြင်းတို့ကို ယနေ့တွင် လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသော ပျဉ်းမနားသကြားစက်ရုံရှိ အလုပ်သမားများကို ရွေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ဆေးကုသပေးမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်စဉ် ပျဉ်းမနားသကြားစက်ရုံ တာဝန်ရှိသူများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်သမားများအကျိုးကို ထိထိရောက်ရောက် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရန် စက်ရုံသို့လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်လာသည်နှင့်အမျှ အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မိုးသီရိအထည်ချုပ်စက်ရုံရှိ အာမခံအလုပ်သမားများကို ရွေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ဆေးကုသပေးနေမှုကိုလည်း သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့်တွေ့ဆုံ ဆွေးနွေးပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလုပ်သမားဝန်ကြီးဌာန အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အာမခံအလုပ်သမား လူနာဦးရေ ၁၃၆၁၃၀၊ ၂၀၁၆ ခုနှစ် ဧပြီမှ ဩဂုတ်ထိ အာမခံအလုပ်သမားလူနာ ၅၈၂၈၅ ဦးတို့ကို စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် အားကစားကွင်းတို့၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။













ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပစဉ်။

☆ **ကျောဖုံးမှအဆက်**

ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ် အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

“တက်ရောက်ဖြစ်ပုံကတော့ နိုင်ငံသားတိုင်း ဒီတာဝန်ကို ထမ်းဆောင်ရမယ် ထင်လို့ပါ။ ၁၈ နှစ်ပြည့်တဲ့ ညီအစ်ကိုတိုင်းလဲ ထမ်းဆောင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီသင်တန်းမှာ ကျွန်တော်ရရှိခဲ့တဲ့ဆုအမျိုးအစားကတော့ မိုင်း ကျွမ်းကျင်ဆုပါ။ ကျွန်တော် အရမ်းပျော်ပါတယ်။ ကျွန်တော်နဲ့အတူ ကျွန်တော်ရဲ့ မိသားစုလဲ ပျော်နေမယ်လို့ ထင်ပါတယ်။ အရပ်သားဘဝနဲ့တော့ အများကြီး ကွာခြားသွားပါတယ်။ ဒီထဲရောက်မှ ကျွန်တော်တို့ စိတ်ဓာတ်ပိုင်းဆိုင်ရာရော၊ရုပ်ပိုင်းဆိုင်ရာရော အကုန်လုံး အစစအရာရာ ကျွန်တော်တို့ပြောင်းလဲသွားပါတယ်။ အရင်လို အရပ်သားမှာတော့ ကျွန်တော်တို့တွေ ပေါ့ပြက်ပြက်နဲ့နေခဲ့တာတွေရှိတယ်။ ဒီမှာတော့ အဲ့ဒီလိုမျိုး မဟုတ်ဘူး။ အားလုံးက စည်းကမ်းနဲ့ စနစ်နဲ့ ဆရာတွေရဲ့ သွန်သင်သင်ကြားမှုတွေနဲ့ ကျွန်တော်တို့ ဒီမှာနေထိုင်ရပါတယ်။ သင်တန်းတက်ခဲ့ရတဲ့ အတွေ့အကြုံကတော့ ဒီသင်တန်းမှာ ကျွန်တော်တို့ ပင်ပန်းတာတွေလဲ ရှိတယ်ပေါ့၊ ခက်ခဲတာတွေလဲရှိတယ်။ ဒါပေမဲ့ အဲ့ဒါတွေက ခုလိုပြီးသွားတဲ့အချိန်မှာ ဒီလိုပါပဲ ကျွန်တော်တို့ ပြီးဆုံးသွားတာပဲပေါ့။ ကျွန်တော့်ကို ပေးအပ်လာတဲ့



တာဝန်ကို ကျွန်တော်ကျေပွန်စွာ အတတ်နိုင်ဆုံး ကျွန်တော်ထမ်းဆောင်သွားပါမယ်လို့ ကျွန်တော် စဉ်းစားထားပါတယ်” ဟုပြောသည်။

“ကျွန်တော် ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော် ဒီနိုင်ငံသားတစ်ယောက်အနေနဲ့ပေါ့လေ၊ ဒီတိုင်းပြည်က ချမှတ်ထားတဲ့မူဝါဒကို ကျွန်တော် ကျေပွန်အောင်ပေါ့ ထမ်းဆောင်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်သင်တန်းကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်ခင်ဗျ။ ဒီသင်တန်းမှာ ကျွန်တော်တို့ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကျွန်တော်တို့ ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့ ကြံ့ခိုင်ရေးဘာသာရပ်တွေ၊ လက်နက်ငယ် ဘာသာရပ်တွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ရှေ့တန်း စစ်မြေပြင်တွေ၊ နောက်တစ်ခုက နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးဝင်တဲ့ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်တွေ၊ စစ်မြေပြင်ဘာသာရပ်တွေကို သင်ကြားပြသပေးခဲ့တာပဲ ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်က အရပ်သားဘဝက နေလာကြတာဆိုတော့ အစပိုင်းမှာ ပင်ပန်းတယ်၊ နောက်ပိုင်းကျရင်တော့ ဒီဆရာတွေ သင်ကြားပြသပေးမှုတွေကို စနစ်တကျလုပ်၊ လိုက်ပါဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ သေချာလေ့ကျင့်တဲ့အခါမှာတော့ အဆင်ပြေသွားပါတယ်ခင်ဗျ။ ကျွန်တော်ရရှိခဲ့တဲ့ ဆုကတော့ တပ်စိတ်တိုက်နည်း ပထမဆုပဲဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီဆုမှာတော့ ကျွန်တော်တို့ တပ်စိတ်လိုက်ပေါ့လေ၊ ကြိုးစားမှုတွေ၊ နောက်တစ်ခုက အုပ်ချုပ်မှုတွေနဲ့ ရဲဘော်အချင်းချင်း စည်းလုံးမှုတွေပေါ့၊ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်ခင်ဗျ။ သင်တန်း ပြီးဆုံးသွားပြီဆိုတော့ ကျွန်တော်တို့ တာဝန်ကျတဲ့ တပ်ရင်းတွေမှာပေါ့ ကျွန်တော်တို့ ဒီနှစ်နှစ်တာကာလကို ကျေပွန်စွာ ကျွန်တော်တို့ထမ်းဆောင်သွားမယ်၊ ပြီးတော့ တပ်မတော်က ချမှတ်ထားတဲ့ ဥပဒေတွေကိုလဲ အကောင်းဆုံးလိုက်နာပြီးတော့ တာဝန်ထမ်းဆောင်သွားမှာပါခင်ဗျ။ နောက်လာတက်မယ့် ညီငယ်တွေကိုတော့ ကျွန်တော် ပြောချင်တာကတော့ ဒီနိုင်ငံသားတစ်ယောက်ဖြစ်တဲ့အခါမှာ နိုင်ငံရဲ့ချမှတ်ထားတဲ့ ဥပဒေတွေကို အကောင်းဆုံးလိုက်နာကျင့်သုံးပြီးတော့ပေါ့နော်၊ ဒီ ပြည်သူ့စစ်မှုထမ်းဥပဒေကို ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဘဝမှာ မလုပ်ဖူးတဲ့ လုပ်ဆောင်ချက်တွေ၊ မသင်ကြားဖူးခဲ့တဲ့ ဘာသာရပ်တွေကို သင်ကြားခဲ့ရတာဆိုတော့ ကျွန်တော်တို့



ဘဝရဲ့ အမှတ်တရတွေ အများကြီးရရှိပါတယ်ခင်ဗျ”ဟုပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)မှ နိုင်ငံ့သားကောင်းစစ်သည်များ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် နည်းပညာများ အထောက်အကူပြုနိုင်ရေးတို့အတွက် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေးသည်။

တက္ကသိုလ်များအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် နားလည်တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန် နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြုနေမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တက္ကသိုလ်၏ သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သင်ကြားသင်ယူမှု ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ဆောင်ရွက်နေမှု၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan များရေးဆွဲ၍ တက္ကသိုလ်ဥပဓိရုပ် ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်း သာယာလှပရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ပေးကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကူညီဆောင်ရွက်ပေးနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို

❑ ညောင်တုန်းကျွန်းတာမှ

ဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် ထပ်မံပြိုကျသည့်နေရာကို မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotextine လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း စသည့်မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို သက်ဆိုင်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**✱ လေဖိအားနည်းရပ်ဝန်းမှ**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်(Deep Depression)အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက် ၉၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့်မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

**❍ ပြည်သူသို့အသိပေးပန်ကြားချက်မှ**

ညနေ ၆ နာရီတွင် ရဲရွာဓာတ်အားပေးစက်ရုံမှလည်းကောင်း ဓာတ်အားများ အဆင့်ဆင့်စတင်ပို့လွှတ်နိုင်ခဲ့သည်။ ထို့နောက် ည ၆ နာရီ ၂၃ မိနစ်တွင် အဆိုပါပေါင်းလောင်းနှင့် ရဲရွာဓာတ်အားများကို အောင်မြင်စွာချိတ်ဆက်(Synchronization) ဆောင်ရွက်နိုင်ခဲ့ပြီး ည ၆ နာရီ ၄၅ မိနစ်တွင် လှော်ကားဓာတ်အားခွဲရုံထိ ဓာတ်အားများ ဆက်လက်ပို့လွှတ်ပေးနိုင်ခဲ့သည်။

သို့ရာတွင် ဓာတ်အားပြန်လည်ချိတ်ဆက်ပို့လွှတ်ချိန်၌ ရုတ်တရက် ဝန်အား (Load) သုံးစွဲမှု များပြားစွာဝင်ရောက်လာသဖြင့် ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှု မျှတမှုမရှိတော့ဘဲ ည ၆ နာရီ ၅၂ မိနစ်တွင် ဓာတ်အားစနစ်အတွင်း ဓာတ်အားကြိမ်နှုန်း အတက်အကျမငြိမ်မသက်ဖြစ်မှု (Frequency Swing) ကြောင့် System Breakdown ထပ်မံဖြစ်ပေါ်ခဲ့ရကြောင်းနှင့် ဓာတ်အားစနစ် ပုံမှန်အတိုင်းအမြန်ဆုံး ပြန်လည်ပို့လွှတ်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ကျန်စစ်သားခန်းမ၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှုတာဝန်ခံက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုနှင့် ယခုနှစ် အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် တက္ကသိုလ်ဝင်တန်းသင်ဆရာ၊ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး စုစုပေါင်း ၂၆ ဦး၊ ကျောင်းတွင်ထူးချွန်ဆုရရှိသူ ၃၂ ဦးတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ သက်တော် ၉၉ နှစ် သိက္ခာ ၇၉ ဝါရှိမဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက် စက်တင်ဘာ ၁၉ ရက် စနေနေ့ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်



တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို စက်တင်ဘာ ၂၈ ရက်(တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၁၄) | မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) | လွိုင်ကော်တက္ကသိုလ် | (၁၅) | မိတ္ထီလာတက္ကသိုလ် |
| (၃) | ဘားအံတက္ကသိုလ် | (၁၆) | ကျောက်ဆည်တက္ကသိုလ် |
| (၄) | ဟားခါးတက္ကသိုလ် | (၁၇) | မော်လမြိုင်တက္ကသိုလ် |
| (၅) | မုံရွာတက္ကသိုလ် | (၁၈) | စစ်တွေတက္ကသိုလ် |
| (၆) | ရွှေဘိုတက္ကသိုလ် | (၁၉) | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၇) | စစ်ကိုင်းတက္ကသိုလ် | (၂၀) | တောင်ကြီးတက္ကသိုလ် |
| (၈) | ထားဝယ်တက္ကသိုလ် | (၂၁) | ကျိုင်းတုံတက္ကသိုလ် |
| (၉) | တောင်ငူတက္ကသိုလ် | (၂၂) | လားရှိုးတက္ကသိုလ် |
| (၁၀) | ပြည်တက္ကသိုလ် | (၂၃) | ပုသိမ်တက္ကသိုလ် |
| (၁၁) | ပဲခူးတက္ကသိုလ် | (၂၄) | ဟသ်ာတတက္ကသိုလ် |
| (၁၂) | မကွေးတက္ကသိုလ် | (၂၅) | မအူပင်တက္ကသိုလ် |
| (၁၃) | ပခုက္ကူတက္ကသိုလ် | | |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စံပြ(၅)ရပ်ကွက် အင်းခရုမဂ္ဂရိပ်သာရှိ မိုးမြင့်စံကျော်ဓမ္မဗိမာန်၌အခြေပြု၍ အဆိုပါရပ်ကွက်နှင့်ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါး၊ ဒေသခံပြည်သူ ၉၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ **တိုက်ရိုက်ထုတ်လွှင့်မည်မှ**

မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၊ MICC–1 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV News Channel၊ MRTV Farmers' Channel၊ MRTV NRC Channel နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ သဇင် FM၊ Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဥတ္တရသီရိမြို့နယ် ရုံးအမှတ်(၅၂)အနီး သီရိမင်္ဂလာလမ်း(H-6)လမ်းမကြီးဘေးတွင် ကျောက်ကြီးစီ၍ ယာယီပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေ



နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ရုံးအမှတ် (၅၂)အနီး သီရိမင်္ဂလာလမ်း(H-6) လမ်းမကြီးဘေးတွင် ကျောက်ကြီးစီ၍ ယာယီပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် လုပ်ငန်းများအချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့အတူ ခုတင်-၅၀၀ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ အရိုးရောဂါ အထူးကုဆေးရုံကြီးဘေးတွင် ရေမြောင်းပိတ်ဆို့နေမှုကို တူးဖော်ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ခုတင်-၅၀၀ အရိုးအကြောအထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဆင့် ခုတင်-၅၀၀ ကလေးအထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ ဆေးကုသရေးအဆောင်အသစ်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လာရောက်ဆေးကုသမှုခံယူနေသော ကလေးများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခုတင်-၅၀၀ သားဖွားမီးယပ် အထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ ရွှေတောင်သီရိလမ်း(တောင်ခြေလမ်း) ဝဲယာတစ်လျှောက်ရေဆင်းမြောင်းနှင့် လမ်းပိုင်းကွဲခိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

---

**● မိုးထစ်ချုန်းရွာမည်မှ**

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

---

**◆ ဗိုလ်လုပွဲသို့တက်ရောက်မှ**

ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်တိုင်းကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ကာ ရှုံးပွဲမရှိ ရလဒ်ကောင်းများဖြင့် Semi-Final အဆင့်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

အလားတူ တက်ဂ်ဘော အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် (Teqball Women's Doubles) မြန်မာ့လက်ရွေးစင် အားကစားသမားများ ဖြစ်ကြသည့် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် အုပ်စုပတ်လည်ပွဲစဉ်တွင် ပွဲဦးထွက်၌ ထိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကျန်ရှိသည့် အုပ်စုပတ်လည်ပွဲစဉ်များတွင် ကမ္ဘောဒီးယားအသင်းနှင့် လက်ဘနွန်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်းကြောင့် Semi-Final အဆင့်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

ယနေ့ နံနက် ၇ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ (Teqball Women's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့၍ လက်ဘနွန်အသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၇ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အမှားအယွင်းနည်းနည်းဖြင့် ဆက်လက်ကစားနိုင်ခဲ့၍ လက်ဘနွန်အသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၈ မှတ်ဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် (Women's Singles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

အလားတူ နံနက် ၈ နာရီတွင် တက်ဂ်ဘော အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ (Teqball Women's Doubles) အကြိုဗိုလ်လုပွဲ (Semi-Final)ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘနွန်အသင်းမှ အားကစားသမားအတွဲတို့ကို ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘနွန်အသင်းမှ အားကစားသမားအတွဲတို့ကို ရမှတ် ၁၂ မှတ် ၁ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည့်အတွက် (Women's Doubles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

နံနက် ၉ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ (Teqball Men's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် အီရတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ စောဖရိုင်းဒေးက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့သော်လည်း အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် အမှားအယွင်းနည်းစွာ ဆက်လက်ကစားနိုင်ခဲ့သော်လည်း တစ်ဖက် အီရတ်အသင်းမှအားကစားသမားက ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့် ပွဲပြီးချိန်တွင် အီရတ်အသင်းမှအားကစားသမားကို ကပ်၍ ရှုံးနိမ့်ခဲ့သည့်အတွက် စက်တင်ဘာ ၂၀ ရက်(**ယနေ့**)နံနက် ၁၁ နာရီတွင် တတိယလုပွဲ ပွဲစဉ်၌ မြန်မာအသင်းမှ စောဖရိုင်းဒေးသည် ဖိလစ်ပိုင်အသင်းမှ အားကစားသမား Prince AGUSTIN နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အလားတူ မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် စက်တင်ဘာ၂၀ ရက်(**ယနေ့**) မွန်းလွဲ ၁၂ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ (Teqball Women's Singles Final) ပွဲစဉ်၌ မြန်မာအသင်းမှ ခင်နှင်းဝေသည် အင်ဒိုနီးရှားအသင်းမှ အားကစားသမား Sumaya SUMAYA နှင့်လည်းကောင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် တက်ဂ်ဘော အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ (Teqball Women's Doubles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် ထိုင်းအသင်းမှ အားကစားသမား Suphawadi WONGKHAMC၊ jutatip KUNTATONG တို့အတွဲနှင့် လည်းကောင်း တွေ့ဆုံယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**■ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ**

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၀ ရက်(**ယနေ့**)ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ထူးခြားသည့် နေ့အပူချိန်များ

(၁၉- ၉ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# သောင်ကမ်းတစ်ဖက် ယင်းတစ်ဖက်

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ဦးတောကျော်သည် ချောင်းရေအကျဆုံး ရေစစ်ချိန်မီ မိမိ ဘဝန်းပိတ်မည့်နေရာသို့ ရောက်လာခဲ့ပြီ။ ရေအကျဆုံးနေရာ၏ အထက်တစ်တောင်ခန့်တွင် အရှည် ခုနစ်ပေခန့် ခရင်ဝါးများကို စီတန်းစိုက်လာခဲ့သည်။ ဆယ်ပေရှည်သော ယင်းတစ်ချပ်စာအတွက် ဘဝန်းတိုင်သုံးချောင်းနှုန်းခန့် မှန်း၍စိုက်လာခဲ့သည်မှာ တိုင်ကလေးများကုန်ပြီ။

"လူကလေးရေ ဆင်းတော့ဟေ့။ အချိန်ရှိတုန်း မြန်မြန် ယင်းတွေ ကာကြရအောင်၊ ရေလဲအတက်တို့လဲ အပြီးပေါ့ကွာ"

လှေပဲ့ပိုင်းမှ မြေးဖြစ်သူကို လောဆော်ရင်း သောင်ပြင်ထက်သို့ ဆင်းလိုက်သည်။ စိုက်ထားခဲ့သောဝါးတိုင်ကလေးများနှင့် ယင်းကိုကပ်၍ချည်ကာ နွံထဲသို့ ယင်းအခြေ တစ်မိုက်ခန့် နစ်ဝင်အောင် လက်ရိုက်တုတ်ဖြင့် ရိုက်၍သွင်းသည်။ ယင်းတစ်ချပ်နှင့် တစ်ချပ်အဆက်တွင် စေ့စပ်စွာ ကလော်တံနှင့်ဆက်၏။ သူတို့မြေးအဘိုး ယင်းအချပ်ခြောက်ဆယ်ကာ၍ပြီးချိန်တွင် ရေသည် ယင်းအခြေကိုကျော်၍ ခြေသလုံးတစ်ဝက်ခန့် တက်လာနေပြီ။ မောနေသော ဦးတောကျော်သည် လဟာပြင်မှာပဲ ထိုင်ကာ အမောဖြေနေသည်။

"ရော့... ရော့ အဘ" ပြောရင်း သာအောင်ကမ်းပေးသော နောက်ဆုံးယင်းတစ်လိပ်ကိုယူ၍ ကမ်းစပ်ထိပ်ထိ ကန့်လန့်ဖြတ်၍တားကာ အဆုံးသတ်လိုက်သည်။ ခပ်လှမ်းလှမ်းချောင်းကွေ့ထိ ကဲ၍ကြည့်လိုက်သည်။ သူတို့မြေးအဘိုး ပိတ်ကာထားခဲ့သော ယင်းချပ်များသည် စီကာရီကာနှင့် စနစ်တကျလှပလျက်ရှိသည်။

လှေပေါ်တွင် ပါလာသော မီးဖိုကလေးတွင် တည်ထားသော ရေနွေးအိုးက ဆူနေပြီ။ သာအောင်က ရေနွေးကြမ်းတစ်ခွက်ကို လှမ်းပေးရင်း –

"ပိုက်ဘဝန်း ဝယ်နိုင်ရင်တော့ ကောင်းမယ် အဘရာ"

သာအောင်ကပြောတော့ ဦးတောကျော် သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသေး၏။

ဟုတ်တော့လည်း ဟုတ်ပါသည်။ အခု သူတို့သုံးနေသောဝါးယင်းလိပ်သည် ခေတ်မမီတော့။ တတ်နိုင်သူများက ပေါ့ပေါ့ပါးပါးလည်းဖြစ်၊ ပို၍လည်း အထိအမိများသော ပိုက်ဘဝန်းကို သုံးနေကြပြီး၊ လက်သန်းတစ်ပြူ တစ်မတ်ကွက် ပိုက်ဘဝန်းများသည်၊ သယ်ယူရတာလည်းလွယ်၊ အလျားက မိမိလိုသလောက် တစ်ဆက်တည်း လုပ်ထား၍ ရသည်။

ပိုက်အမြင့်ကလည်း ခုနစ်ပေခန့် မြင့်တော့ ငါး၊ ပုစွန်များ ခုန်မထွက်နိုင်သဖြင့် လူကြိုက်များလှ၏။

ဝါးဖြင့်လုပ်ရသော ယင်းချပ်များသည် လေးကလည်း လေး၏။ သယ်ယူရာတွင် ဝန်ကလည်း ကျယ်သေး၏။

"အဘလဲ ဝယ်သုံးချင်တာပေါ့ လူကလေးရယ်၊ ဒါပေမဲ့ တံငါအိုကြီးဆိုတော့ ငါးဒိုင်က ငွေထုတ်မပေးချင်ဘူးကွ၊ သူတို့က လူငယ်အားကောင်းမောင်းသန်တွေကိုသာ အသုံးချချင်ကြတာ၊ အဘကိုကျတော့ လူငယ်တွေမသုံးချင်တဲ့ ယင်းဘဝန်းကို ထိုးပေးပြီး ယူချင်ယူ မယူချင်နေတဲ့"

ပြောရင်းက ဦးတောကျော်တံတွေးတစ်ချက်မျို၍ ချသည်။ မှုန်သီသောမျက်လုံးတို့ဖြင့် ဟိုးခပ်ဝေးဝေးတွင် ပျပျသာမြင်ရသော မြစ်မကြီးဆီ လှမ်း၍ ငေးနေသည်။

တဖြည်းဖြည်းနှင့် ချောင်းရိုးကလေး တစ်ခွင်တစ်ပြင်လုံး အမှောင်ထုကပိတ်ဖုံး၍ လာနေသည်။ တအိအိနှင့်မြင့်တက်လာသော ရေသည် ဘဝန်းတန်း၊ ယင်းလိပ်၏ထိပ်ဖျားကို မြုပ်လေတော့မည်။ ကမ်းစပ်ရှိ သံဒတ်ပင်၏ အကိုင်းတွင် လှေဦးမှကြိုးဖြင့်ချည်ကာ မြေးအဘိုးနှစ်ယောက် ရေပြန်အကျကို စောင့်နေရခြင်းဖြစ်ပေရာ အချိန်များစွာ စောင့်ရအုံးမည်။

လှေပဲ့ပိုင်းတွင် သာအောင်တစ်ယောက် ဘာဘူစောင်နွမ်းကလေးခြုံ၍ အိပ်နေပြီ။ ကောင်းကင်တွင် သုံးရက်လ ခုံးမျက်စကျော်လာခဲ့ပြီဖြစ်သော လခြမ်းကလေးက တံစဉ်ကလေးပက်လက်လှန်ချထားသလို ကွေးကွေးကလေးနှင့် တိမ်ပင်လယ်တွင် မျောလျက်ရှိ၏။

တိမ်မည်းညိုတစ်သိုက်က ဖုံးအုပ်လိုက်တိုင်း ချောင်းကလေးတစ်ခွင်တစ်ပြင်လုံး မှိုင်းမှုန်အုံ့ပျသွားကာ တိမ်ညိုပဝါကလေးဖယ်သွားချိန်မှာတော့ တစ်ခါပြန်၍လင်းပ လာပြန်၏။ ခပ်လှမ်းလှမ်း လမုတောစပ်ဆီမှ ညဌက်များ၏ တွန်ကျူးသံကသာ ဖေးကူ၍ မထားလျှင် ဝန်းကျင်တစ်ခွင်လုံးသည် သက်မဲ့ကမ္ဘာကြီးဖြစ်တော့မလောက် တိတ်ဆိတ်မှုက မင်းမူလျက်ရှိတော့၏။

ခပ်စိုစိုထင်းတစ်စကို မီးဖိုထဲထိုးထည့်လိုက်သဖြင့် မီးခိုးများအူ၍ ထွက်လာကာ သူတို့မြေးအဘိုး၏ အသွေးအသားများကို အုံခဲစုပ်ယူရန် လှည့်ပတ်ပျံဝဲနေကြသော တောခြင်ရိုင်းများ ခဏတာကျဲသွားကြသည်။ မီးခိုးကုန်လျှင် ပြန်၍ခဲကြပေဦးမည်။

ငါးဖောင်ရိုးခြောက်ကလေး လေးငါးကောင်ကို မီးဖုတ်၍ ဆီကလေးပါလေကာမျှ ဆမ်းကာ ညစာပြီးခဲ့ရသဖြင့် ဝမ်းဗိုက်က မတင်းတိမ်ချင်။ တံငါဟုဆိုပေငြား ငါးရံ့ခြောက်ပြားကြီးများကို မစားရတာ ကြာလှပေါ့။

တစ်ခါတစ်ရံ ဘဝန်းပိတ်၍ ပါလာသော တစ်ဆယ်သား၊ ဆယ့်ငါးကျပ်သားခန့် ငါးရံ့ကလေးများကို မခင်ရွှေက ကျောမှတစ်ချက်တည်းခွဲကာ အခြောက်လှမ်းပေးတတ်၍ ငါးရံ့ခြောက်ကို အာသာပြေစားရသေး၏။

အခုည ငါး၊ ပုစွန် အထိအမိများပါစေဟု ဆုတောင်းမိရသေး၏။ အို အခုညမှမဟုတ်ပါဘူး၊ ဘဝန်းပိတ်တဲ့ညတွေတိုင်း ဆုတောင်းခဲ့ရသည်ချည်းဖြစ်တော့၏။ ရှာ၍ရသမျှကလေးကို တစ်ဝက်အကြွေးဆပ်၊ ကျန်တာကိုမှ စားဖို့နှင့် မခင်ရွှေဆေးကုဖို့ ဖြစ်တော့၏။ မနေ့က ငါးဒိုင်ပိုင်ရှင်ချမှတ်လိုက်သောရာဇသံသည် နားနားမှာကပ်၍ ပြောလိုက်သလို၊ ယခုမှကြားလိုက်ရသလို ဦးတောကျော်တစ်ကိုယ်လုံး ဆတ်ခနဲ့တုန်သွားမိသေး၏။

"ကဲ အဘိုးကြီး ကျုပ်တို့ထွေထွေထူးထူးမပြောတော့ဘူး၊ ခင်ဗျား မတင်တို့ဒိုင်မှာ သွားရောင်းတာ ကျုပ်တို့သိပြီးပြီ၊ နောက်တစ်ခါဒါမျိုးမဖြစ်ပါစေနဲ့၊ ဖြစ်လာရင်တော့ ကျုပ်တို့ထုတ်ပေးထားတဲ့ လှေရယ်၊ ယင်းရယ် အကုန်ပြန်သိမ်းပြီသာမှတ်တော့"

"ဒါကလေးနဲ့ ရှာဖွေစားသောက်နေရတာ ပြန်သိမ်းသွားလို့ကတော့ ဘုရား ဘုရား" လှေကလေးအလယ်ရှိ မီးဖိုကလေး၏ဘေးတွင် ထိုင်ရင်း အတွေးများစွာတို့ ဖိစီးနှိပ်စက်မှုကြောင့် လှေဦးပိုင်းရှိ ဝါးကြမ်းခင်းလှေတပ်ပေါ် ကျောခင်းမိချိန်တွင် သန်းခေါင်ကျော်ခဲ့ပြီ။

ညဉ့်ဦးယံက ငြိမ်သက်နေခဲ့သောလေသည် တဖြူးဖြူးနှင့် ချောင်းရေပြင်ကို ရှပ်တိုက်ပြေးလွှားလျက်ရှိသဖြင့် အတော်အတန်ခြင်ကိုက်သက်သာလာခဲ့သည်။

ဦးတောကျော်တစ်ယောက် လူမောစိတ်မောနှင့် အိပ်ပျော်သွားခဲ့ပြီ။

"အဘ အဘ ထတော့ဗျ၊ ရေကျနေပြီ"

ပါးစပ်ကလည်းအော် လှေနံကိုလည်းကိုင်ကာ လှုပ်နှိုးသဖြင့် ဦးတောကျော်နိုးလာခဲ့သည်။ တစ်ကိုယ်လုံးမလှုပ်ချင်အောင် ညောင်းညာကိုက်ခဲလျက်ဖြင့် အတင်းကုန်း၍ထရသည်။

"ဟေဟုတ်လား၊ အဘအိပ်ပျော်သွားတယ်ကွာ၊ လူကလေးနှိုးပေလို့"

ချောင်းရေဖြင့် ပြီးစလွယ်မျက်နှာသစ်ရင်း ကမ်းစပ်ကို လှမ်း၍ကြည့်သည်။ ငါးတန်ပိန်းပင်များ ပင်ပေါ်နေပြီ။ ရေထက်ဝက်မက ကျနေပြီ၊ လှေဦးမှ ကြိုးကိုဖြုတ်၍ ဘဝန်းတန်းအစသို့ မြေးအဘိုးနှစ်ယောက် ခပ်သွက်သွက်လှော်ထွက်ခဲ့၏။ ချောင်းကလေးတစ်လျှောက် မှောင်နေဆဲဖြစ်၏။

ရေတဖြည်းဖြည်းကျလာသည်မှာ ဘဝန်းပိတ်ထားသည့် ယင်း၏ အခြေသို့ပင် ရောက်တော့မည်။

"မီးခွက်ထွန်းတော့ လူကလေးရေ"

ရေအတက်တွင် ပျော်မြူးစွာအစာရှာဖွေရင်း၊ ကမ်းစပ်ရှိချုံစပ်၊ ချုံပုတ်ကလေးများကြား ရေညှိရေမှော်ကလေးများ၊ ရေပိုးရွေ့မွှားကလေးများကို မက်မောစွာ ရှာဖွေစားသောက်ရင်း၊ ရေအကျတွင်မူ ကာဆီးထားသော ယင်းများကြောင့် ချောင်းရေအတွင်း ပြန်ထွက်မသွားနိုင်တော့ဘဲ ပိတ်မိနေသော ငါး၊ ပုစွန်မျိုးစုံတို့သည် သောင်စပ်နှင့် ယင်းတို့ကြားတွင် တဖျပ်ဖျပ်ခုန်ပေါက်ကာ ရှိနေသည်။

လွတ်မြောက်လို လွတ်မြောက်ငြား အင်နှင့်အားနှင့် ခုန်ပျံတက်သော် သောင်စပ်ပေါ်သို့ကျ၏။ တစ်ခါလန့်၍ ခုန်ပြန်၏။ ထိုအခါ ချောင်းဘက်မှ ကာဆီးထားသော ငါးပေခန့်မြင့်သည့် ယင်းကိုလွတ်အောင် မခုန်နိုင် ပြန်ကျ၏။ သို့နှင့်ပင်ခုန်ရင်း၊ ပျံရင်း လူးလွန့်ရုန်းကန်ရင်း ဘဝန်းသမားတို့လက်ထဲ သက်ဆင်းကြရပေတော့မည်။

ဦးတောကျော်သည် ရေစပ်စပ်သာ ကျန်တော့သောယင်း၏ အောက်ခြေတွင် လွန့်လူးနေကြသည့် အကြေးခွံဖွေးဖွေးများနှင့် ငါးခုံးမများ၊ ငါးကြင်းလုံးများ၊ ငါးဖယ်များကို တစ်လှည့်၊ မီးရောင်တွင် နီရဲနေသော မျက်စိကလေးများနှင့် တဆတ်ဆတ်ခုန်ပေါက်နေကြသော ပုစွန်ဆတ်ထုပ်၊ ပုစွန်ဘေးကျား၊ ပုစွန်ဆိတ်ကလေးများကို တစ်လှည့်ငေး၍ ကြည့်ရင်း သောင်စပ်ဝယ် ငူငူကြီးရပ်လျက်ရှိသည်။

"အဘကလဲဗျာ၊ ဘာလုပ်နေတာလဲမသိဘူး၊ မြန်မြန်ဖမ်းပါဗျ၊ တော်တော်ကြာ ငါးဒိုင်အရောက်နောက်ကျရင် မနက်စောစောရန်ကုန်ပို့တဲ့ ချွန်းမမီရကောင်းလားဆိုပြီး အဆူခံနေရအုံးမယ်၊ မကျေနပ်လို့ လှေနဲ့ ယင်းတွေ ပြန်သိမ်းသွားရင် မလွယ်ဘူးနော်၊ ပြီးတော့ အဘွားအတွက် မြို့ဘက်ကမ်းမှာ ဆေးဝယ်သွားရအုံးမယ်၊ အိမ်မှာ ဆန်ကလဲ ကုန်နေပြီဗျ"

သာအောင်၏ သတိပေးသံကြောင့် ဦးတောကျော်က–

"အေးပါ လူကလေးရာ ဖမ်းမှာပါ၊ ငါတို့ ချွေးနဲ့ဆက်ပြီး ရှာထားရသမျှ သူတို့ဆီ သွားမရောင်းရင် ယင်းနဲ့ လှေကို သိမ်းမယ်၊ သွားရောင်းပြန်တော့လဲ ဈေးက အဆမတန်နှိမ်မယ်၊ ရလာသမျှ ငွေကလေးထဲကနေ အကြွေးကနှိမ်လိုက်အုံးမယ်၊ ကဲ ငါတို့ အသက်ရှင်ရပ်တည်ဖို့ ဘာကျန်တော့လို့လဲကွ၊ ဟင်း ငါတို့ဘဝက ဟောဒီဘဝန်းတန်းမှာ ပိတ်မိနေတဲ့ ငါးတွေပုစွန်တွေလိုပဲ။ တစ်ဖက်မှာက သောင်တစ်ဖက်မှာကယင်း။ ကဲ လွတ်လမ်းရှိသေးရဲ့လား" ဟု ပြောရင်းမှ ခြေသလုံးထိ နစ်မြုပ်နေသည့် နွံထဲတွင် ကုန်းကာ၊ ရုန်းကာနှင့် ဘဝန်းတန်းဆီသို့ တစ်လှမ်းချင်း သွားနေတော့၏။

ဘဝန်းတန်းတစ်ဝိုက်တွင် နီကြင်မှိန်ဖျော့သော မီးခွက်ကလေး၏ အလင်းရောင်က ပိတ်ဆီးလျက်ရှိသောအမှောင်ကို အန်တုလျက်ရှိ၏။ ရောင်နီကတော့ မပေါ်သေးပါ။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ငါးမြစ်ချင်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာ



ပန်းတနော်မြို့နယ်ကနေ ငါးမြစ်ချင်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ပြည်တွင်းငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ အခုလို တင်ပို့အား ကောင်းလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အားလုံးအဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်း တစ်ပိဿာလျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၁၉၅၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် လမ်းကူးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရေနံချောင်း စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝက်လွတ်ကျေးရွာအုပ်စု လမ်းကူးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက အစည်းအဝေးသို့ တက်ရောက်လာသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါလမ်းကူးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝ်လူး**

## ငြိမ်းချမ်းအေးမြ တော်သလင်းလ

\- တော်သလင်းမည်၊ ကန်ရာသီဝယ်
တို့ပြည်သာစွ၊ အေးချမ်းမြလျက်
မလှမည်လော၊ လှမည်လော
လှလေလော့ လှလေလော့။

\- မြတ်လေးခတ္တာ၊ ဇီဇဝါနှင့်
ရင်းမာပန်းဆင့်၊ သင်းထုံဝင့်လို့
မပွင့်မည်လော၊ ပွင့်မည်လော
ပွင့်လေလော့ ပွင့်လေလော့။

\- ဂရုဓမ္မ၊ မြတ်သီလနှင့်
ကြည်မြပါပေ့၊ လပြည့်နေ့၌
မမွှေ့မည်လော၊ မွှေ့မည်လော
မွှေ့လေလော့ မွှေ့လေလော။

\- ရိုးရာအမွေ၊ မပျောက်စေဖို့
လှေလှော်ပြိုင်ပွဲ၊ ခြိမ့်ခြိမ့်သဲကို
မနွဲမည်လော၊ နွဲမည်လော
နွဲလေလော့ နွဲလေလော့။

\- သီးနှံစုံစွာ၊ ဝေဝေဆာနှင့်
လယ်ယာမြေကြီး၊ ရှုမငြီးအောင်
မသီးမည်လော၊ သီးမည်လော
သီးလေလော့ သီးလေလော့။

\- စီးပွားဆင်ပြေ၊ ရောဂါတွေလည်း
တို့မြေထံမှောက်၊ မကျရောက်ဘဲ
မပျောက်မည်လော၊ ပျောက်မည်လော
ပျောက်လေလော့ ပျောက်လေလော့။

\- တိုင်းသားပြည်သူ၊ ဖေးမကူလျက်
ညီတူကျစ်လစ်၊ လက်တွဲဖြစ်၍
မချစ်မည်လော၊ ချစ်မည်လော
ချစ်လေလော့ ချစ်လေလော့။ ။

**မောင်နွေဦး(လယ်ဝေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရေနေနို့တိုက်သတ္တဝါ လင်းရှူး

နှင်းအိ(ရာမညမြေ)

လင်းရှူးသည် ပင်လယ်သမုဒ္ဒရာများတွင် ကျက်စားသော ဉာဏ်ရည်ထက်မြက်ပြီး ချစ်စရာကောင်းသည့် နို့တိုက်သတ္တဝါဖြစ်သည်။ လင်းရှူးသည် ရေထဲတွင်နေထိုင်သော်လည်း ငါးမဟုတ်ပါ။ နို့တိုက်သတ္တဝါဖြစ်၍ အဆုတ်ဖြင့် အသက်ရှူသည်။ ထို့ပြင် လူသားများနှင့်ရင်းနှီးဖော်ရွေကာ ကူညီတတ်သည့်အပြုအမူများကို ပြတတ်သည်။ ရေနေလင်းရှူးသည် တစ်ကောင်တည်းမနေဘဲ အုပ်စုငယ်များဖွဲ့ကာ အတူတကွကျက်စားနေထိုင်တတ်သည်။ ပတ်ဝန်းကျင်ကိုသိရှိရန်နှင့် အစာရှာဖွေရန် Echo-location ခေါ် အသံလှိုင်း ပြန်ဟပ်မှုစနစ်ကို အသုံးပြုကြသည်။

**ပုံသဏ္ဌာန်**

နို့တိုက်သတ္တဝါ ရေနေလင်းရှူးကို အင်္ဂလိပ်လို Marine Porpoise ဟုခေါ်ပြီး ပုံသဏ္ဌာန်သည် လင်းပိုင်နှင့် အလွန်ဆင်တူသော်လည်း သိသာထင်ရှားသည့်ကွာခြားချက်တချို့ရှိသည်။ ၎င်းသည် ချောမွေ့ပြီး ရေစီးကြောင်းအတိုင်း ကူးခပ်နိုင်သော ခန္ဓာကိုယ်ပုံသဏ္ဌာန်ရှိသည်။ လင်းရှူးတစ်ကောင်၏ ပုံသဏ္ဌာန် အသေးစိတ် လက္ခဏာများမှာ လင်းပိုင်များကဲ့သို့ ရှည်ထွက်နေသော နှုတ်သီးမရှိပါ။ ဦးခေါင်းပုံသဏ္ဌာန်မှာ လုံးဝိုင်းနေပြီး တိုတောင်းသောနှာခေါင်းသာရှိသည်။ လင်းရှူးအများစု၏ ကျောဆူးတောင်သည် လင်းပိုင်များကဲ့သို့ လမင်းကွေးပုံသဏ္ဌာန်မဟုတ်ဘဲ တြိဂံပုံသဏ္ဌာန် အောက်ခြေကျယ်ကျယ်တိုတိုသာရှိတတ်သည်။ အချို့သော လင်းရှူးမျိုးစိတ်များတွင် ကျောဆူးတောင် လုံးဝမပါရှိပေ။ ပါးစပ်အတွင်းပိုင်းကို ကြည့်မည်ဆိုလျှင် လင်းပိုင်များကဲ့သို့ ချွန်ထက်သော ခုံးပုံသဏ္ဌာန်သွားများမဟုတ်ဘဲ ဂေါ်ပြားပုံသဏ္ဌာန် သွားများရှိကြသည်။ ပုံမှန်အားဖြင့် လင်းပိုင်များထက် ခန္ဓာကိုယ်ပိုမိုတိုတုတ်ပြီး အရွယ်အစားသေးငယ်ကြသည်။ အလျားအားဖြင့် ခုနစ်ပေခန့်ထိ ရှိတတ်ပြီး အမြီးရေယက်သည် အလျားလိုက်အပြားပုံသဏ္ဌာန်ရှိကြသည်။

**တွေ့ရှိသည့်ဒေသ**

ရေနေလင်းရှူးများကို အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ရှိ ကမ်းရိုးတန်းရေတိမ်ပိုင်းများ၊ ဒီရေတောစိမ့်မြေများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် တွေ့ရှိရသည်။ အဓိကအားဖြင့် ပါရှန်ပင်လယ်ကွေ့၊ အိန္ဒိယ၊ ဘင်္ဂလားပင်လယ်အော်၊ မြန်မာ့ကမ်းရိုးတန်းနှင့် မြိတ်ကျွန်းစု၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှား၊ တောင်တရုတ်ပင်လယ်နှင့် တရုတ်နိုင်ငံအလယ်ပိုင်း (ယန်ဇီမြစ်ဝှမ်း)ထိ ကျက်စားနေထိုင်သည်ကို တွေ့ရသည်။

**လင်းရှူးမျိုးစိတ်များ**

ကမ္ဘာပေါ်တွင် ရေနေလင်းရှူးမျိုးရင်းဝင် နို့တိုက်သတ္တဝါမျိုးစိတ် ခုနစ်မျိုးခန့်ရှိသည်။ ၎င်းတို့မှာ-

**ကျောရေယက်မဲ့လင်းရှူး(Finless Porpoise)**

၎င်းမျိုးစိတ်သည် ကမ်းရိုးတန်းရေတိမ်ပိုင်းနှင့် ရေချိုရေငန်စပ်ဒေသများတွင် ကျက်စားကြပြီး ကျောဆူးတောင်မပါရှိဘဲ ခန္ဓာကိုယ်မှာ ပြာလဲ့လဲ့ သို့မဟုတ် မီးခိုးရောင်ရှိသည်။

**သာမန်လင်းရှူး(Harbour Porpoise)**

၎င်းမျိုးစိတ်သည် မြောက်အတ္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာတို့၏ အေးမြသောရေပြင်များတွင် အများဆုံးနေထိုင်သည်။

**ဒယ်လီလင်းရှူး (Dall's Porpoise)**

၎င်းမျိုးစိတ်သည် ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းတွင်ကျက်စားပြီး အမြန်ဆုံးရေကူးနိုင်သည့် မျိုးစိတ်တစ်ခုဖြစ်သည်။

**ဗာကွီတာလင်းရှူး(Vaquita)**

၎င်းမျိုးစိတ်သည် ကမ္ဘာပေါ်တွင် အရှားပါးဆုံးနှင့် အသေးငယ်ဆုံးလင်းရှူးမျိုးစိတ်ဖြစ်ပြီး မက္ကဆီကိုနိုင်ငံ ဂေါ့ဖ်ပင်လယ်ကွေ့တွင်သာ အကောင်ရေ



အလွန်နည်းပါးစွာကျန်ရှိသည်ကို လေ့လာမှုများမှ သိရသည်။

**ဘားမေစ့်လင်းရှူး(Burmeister's Porpoise)**

၎င်းမျိုးစိတ်သည် တောင်အမေရိကတိုက်၏ အရှေ့နှင့် အနောက်ဘက်ကမ်းရိုးတန်းပင်လယ်ပြင်များတွင် နေထိုင်သည်။

**ခေါင်းပွင့်လင်းရှူး(True's Porpoise)**

၎င်းမျိုးစိတ်သည် တောင်ကမ္ဘာခြမ်းပင်လယ်ပြင်များတွင် ကျက်စားသည်။

**မျက်မှန်ခံလင်းရှူး(Spectacled Porpoise)**

၎င်းမျိုးစိတ်သည် တောင်ပိုင်းသမုဒ္ဒရာနှင့် အအေးပိုင်းဒေသများတွင်နေထိုင်ကြပြီး အသက်အရွယ်ကြီးလာသည်နှင့်အမျှ အရေပြားအရောင်ပြောင်းလဲတတ်သည်။

**မြန်မာ့မျိုးစိတ်လင်းရှူး**

မြန်မာနိုင်ငံတွင်တွေ့ရသော ရေနေလင်းရှူးမျိုးစိတ်မှာ ကျောရေယက်မဲ့လင်းရှူးမျိုးစိတ်ဖြစ်ပြီး သိပ္ပံအမည်အားဖြင့် Neophocaena phocaenoides (အင်ဒို-ပစိဖိတ်ပင်လယ်လင်းရှူး)ဟု ခေါ်ကြသည်။ ၎င်းလင်းရှူး၏ အထူးအင်္ဂါရပ်များမှာ လင်းပိုင်များကဲ့သို့ ကျောဘက်တွင် ရေယက်တောင်ပံမပါရှိဘဲ ပြေပြစ်ချောမွေ့သည်။ ခန္ဓာကိုယ်ပုံစံမှာ ခေါင်းလုံးပြီး နှာတံတိုသည်။ အရောင်မှာ ခဲရောင် သို့မဟုတ် မီးခိုးရောင်သန်းသည်။

မြန်မာနိုင်ငံအတွင်း ကျက်စားရာကမ်းရိုးတန်းဒေသများမှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကမ်းရိုးတန်း ရေတိမ်ပိုင်း၊ ဒီရေတောစပ်များနှင့် ရေချိုရေငန်စပ်ဒေသများတွင် အဓိကကျက်စားလေ့ရှိသည်။ ရံဖန်ရံခါ ရခိုင်ပြည်နယ်(စစ်တွေ)နှင့် ဧရာဝတီတိုင်းဒေသကြီး(ရွှေသောင်ယံ)ကမ်းခြေတို့တွင် ရေကြောင်းမှား၍ သို့မဟုတ် ပိုက်ကွန်ညပ်၍ ကမ်းတင်လာသည်ကို ဒေသခံများနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ကယ်တင်ကာ ပင်လယ်ပြင်သို့ ပြန်လည်လွှတ်ပေးခဲ့သည့်မှတ်တမ်းများရှိသည်။

**အရွယ်အစား**

အရွယ်ရောက်ပြီး ရေနေလင်းရှူး၏ ခန္ဓာကိုယ်အလျားမှာ ပုံမှန်အားဖြင့် လေးပေ ငါးလက်မမှ လေးပေ ကိုးလက်မခန့်ရှိကြပြီး မျိုးစိတ်အလိုက် အချို့မှာ အများဆုံး လေးပေ ၁၁ လက်မမှ ခြောက်ပေ ခုနစ်လက်မထိ ရှည်လျားကာ ကိုယ်အလေးချိန် ကီလိုဂရမ် ၃၀ မှ ၇၅ ကီလိုဂရမ်ခန့်ရှိတတ်ကြသည်။ အမမှာ အထီးထက် ခန္ဓာကိုယ်ပိုမိုကြီးမားသည်။

**သားပေါက်ခြင်း**

ရေနေလင်းရှူးများသည် တစ်ကြိမ်လျှင် သားပေါက်တစ်ကောင်သာ အကောင်လိုက်မွေးဖွားကြသည်။ သန္ဓေတည်ကာလမှာ ၁၀ လမှ ၁၁ လထိ ကြာမြင့်ပြီး သားပေါက်များကို အမြီးပိုင်းမှစတင်ကာ ရေအောက်တွင် မွေးထုတ်ပေးကြသည်။ သုံးနှစ်မှ ငါးနှစ်အရွယ်တွင် အရွယ်ရောက်ကြသည်။ နွေရာသီနှင့် မိုးရာသီဦးတွင် အဓိက မျိုးပွားလေ့ရှိကြသည်။ မွေးလာသောသားပေါက်ကို ရှစ်လမှ ၁၂ လထိ နို့တိုက်ကျွေးစောင့်ရှောက်ကြသည်။

**သက်တမ်း**

ရေနေလင်းရှူးများ၏ သက်တမ်းသည် မျိုးစိတ်အပေါ်မူတည်ပြီး ကွာခြားမှုရှိသော်လည်း အများစုမှာ သဘာဝအတိုင်း ရေထဲတွင် ရှစ်နှစ်မှ နှစ် ၂၀ ခန့်ထိ ရှင်သန်နေထိုင်ကြသည်။ မျိုးစိတ်အလိုက် သက်တမ်းများမှာ သာမန်လင်းရှူး(Harbor Porpo-ise)သည် သဘာဝရေပြင်တွင် ပျမ်းမျှအသက်ရှစ်နှစ်မှ ၁၃ နှစ်ထိနေထိုင်ကြပြီး အကောင်းဆုံးအခြေအနေတွင် အများဆုံး နှစ် ၂၀ မှ ၂၄ နှစ်ထိ အသက်ရှင်နိုင်ကြသည်။ ကျောရေယက်မဲ့လင်းရှူး(Finless Por-poise)သည် ပျမ်းမျှ အသက် ၁၈ နှစ်မှ ၂၅ နှစ်ထိ သက်တမ်းရှိတတ်ကြသည်။ လင်းရှူးများသည် ရေအောက်အန္တရာယ်များ၊ လူတို့၏ငါးဖမ်းကိရိယာများတွင် ဖမ်းမိခြင်းနှင့် ရေထုညစ်ညမ်းမှုတို့ကြောင့် သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးမှုများရှိတတ်ကြသည်။

**အစာစားခြင်း**

ရေနေလင်းရှူးများသည် အရွယ်အစားသေးငယ်သောပင်လယ်ငါးမျိုးစုံကို အဓိကဖမ်းယူစားသုံးကြသည်။ ရေအောက်ရှိ ကင်းမွန်နှင့် အခွံမာရေနေသတ္တဝါများကိုလည်း စားသည်။ ထို့ပြင် ရေအောက်ရှိ အပင်နှင့်ရေမှော်များကိုလည်း တစ်ခါတစ်ရံ စားသုံးတတ်သည်။

**လင်းရှူးနှင့် ဂေဟစနစ်**

ရေနေလင်းရှူးသည် ရေပြင်ဂေဟစနစ်ဟန်ချက်ညီစေရန်၊ ရေနေသတ္တဝါများအချိုးကျရှိစေရန်နှင့် သမုဒ္ဒရာကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

ရေနေလင်းရှူးများသည် ရေအောက်သို့ငုပ်ဆင်း၍ အစာရှာဖွေခြင်း၊ ရေမျက်နှာပြင်သို့ ပြန်တက်လာကာ အသက်ရှူခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ထုတ်ခြင်းတို့က ပင်လယ်ရေအောက် အာဟာရဓာတ်များကိုလည်ပတ်စေရန် အထောက်အကူဖြစ်စေသည်။ ၎င်းတို့ကျက်စားနေထိုင်သည့် ရေပြင်သည် သဘာဝပတ်ဝန်းကျင်အခြေအနေကို ဆန်းစစ်ရာတွင် သန့်ရှင်းနေသည်ကို တွေ့ရတတ်သည်။

ထို့ပြင် ရေနေလင်းရှူးများသည် ပင်လယ်ပြင်ဂေဟစနစ်တွင် အစားအစာကွင်းဆက်ကို ထိန်းညှိပေးပြီး လူသားတို့အတွက် ရေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အလွယ်တကူခံရတတ်သဖြင့် ပင်လယ်ဂေဟစနစ်မည်မျှကောင်းမွန်နေသည်ကိုသိရှိစေရန် သတိပေးပြသတတ်သည့်သတ္တဝါလည်းဖြစ်သည်။ ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများသည် ရေအောက်ရှိ ရေမှော်နှင့် အပင်ငယ်များ ကြီးထွားရန် လိုအပ်သောအာဟာရဓာတ်များကို ထောက်ပံ့ပေးနိုင်သည်။

**ကာကွယ်စောင့်ရှောက်ခြင်း**

ပင်လယ်ပြင်ဂေဟစနစ်ကို အကျိုးပြုသော ရေနေလင်းရှူးများ အကောင်ရေတိုးပွားလာစေရန် တရားမဝင်ငါးဖမ်းဆီးမှုများနှင့် ပိုက်ကွန်များအတွင်း ပိတ်မိသေဆုံးခြင်းမှကာကွယ်ရန် လိုအပ်ပေသည်။ ပင်လယ်ရေထုအတွင်း သံလိုက်လှိုင်းနှင့် စက်သံဆူညံမှုများကိုလျှော့ချပေးခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနကလည်း ဆိုက်တီး(CITES)စာရင်းဝင် ရှားပါးရေနေသတ္တဝါများဖြစ်သည့် ပင်လယ်လိပ်၊ ရေနဂါး၊ ငါးမန်း၊ ရေဝက်၊ ရေပုတ်သင်၊ လင်းပိုင်၊ လင်းရှူး စသည်တို့ကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းမပြုကြရန် တားမြစ်ထားသည်။

နို့တိုက်သတ္တဝါဖြစ်သော ရေနေလင်းရှူးများသည် သဘာဝအားဖြင့် ထူးခြားလှပြီး ပင်လယ်ပြင်တွင် လူသားများကို ကူညီတတ်သည့်အပြင် ဂေဟစနစ်ကိုလည်း ကောင်းကျိုးပြုသော ရေနေသတ္တဝါဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

(1) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၉)
(2) ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၄)
(3) Fish Base of Myanmar
(4) Inland Fisheries of Myanmar

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဗန်းမော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗန်းမော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၅၆၃၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ဂရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲပြုလုပ်

**ပြည် စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပေါင်းတရာကျေးရွာ၌ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်ဦးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် သင်တန်းက ပို့ချပေးခဲ့သည့် အခြေခံ စက်ချုပ်အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကာ မိသားစုအတွက် အပိုဝင်ငွေ ရှာဖွေပေးနိုင်သည်ထိ ကြိုးစားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းသို့ ပေါင်းတရာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်ပညာနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၁၈ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

**ချိုလေး**

# ဝါးခယ်မမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဝါးခယ်မ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ငရုတ်သီးခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ငရုတ်သီးခြောက်များ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ တစ်ရက်တာ ရောင်းအားအနေနဲ့ ငရုတ်သီးခြောက် ပိဿာချိန် ၁၀၀၀ ကနေ ၂၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတော့ ငရုတ်စိုက်တဲ့တောင်သူတွေ အဆင်ပြေသလို လုပ်သားတွေလဲ အဆင်ပြေလာပါတယ်။ ဒီနှစ် ငရုတ်သီးခြောက်က ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ဝါးခယ်မမြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါနှင့် မှိုကပ်သည့်အန္တရာယ်ကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၂၇ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၇ ဒသမ ၃ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် နှစ်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ကိုညို**

# မိုင်းကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းကိုင် စက်တင်ဘာ ၁၉**


ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ပန်ဆက်ကျေးရွာအုပ်စု ပန်ဆက်ကျေးရွာနှင့် ကုံးလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်ဆက်ကျေးရွာနှင့် ကုံးလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၆ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပန်ဆက်ကျေးရွာနှင့် ကုံးလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဉာဏ်ရည်တုနည်းပညာဖြင့် ဒစ်ဂျစ်တယ်အနာဂတ်ကိုတည်ဆောက်မည့် ကမ္ဘောဒီးယား




ဉာဏ်ရည်တု(AI)နည်းပညာသည် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများကို လျင်မြန်စွာပြောင်းလဲစေလျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည်လည်း AI နည်းပညာဆိုင်ရာ အသွင်ပြောင်းလဲမှုတွင်ပါဝင်လာမည့် နိုင်ငံအဖြစ် မိမိကိုယ်ကိုရပ်တည်လာနိုင်ရန် စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ယခင်က ကုန်ကျစရိတ်သက်သာသော ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍတို့အပေါ် အဓိကအားထားခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံသည် ယခုအခါ ၎င်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်အတွက် ဒစ်ဂျစ်တယ်နည်းပညာများနှင့် AI နည်းပညာတို့ကို အရေးပါသောကိရိယာများအဖြစ် အလေးထားလာပြီဖြစ်သည်။

AI နည်းပညာအပေါ် ကမ္ဘောဒီးယားနိုင်ငံ၏ စိတ်ဝင်စားမှုမြင့်တက်လာခြင်းသည် အရေးပါသောအချိန်ကာလတစ်ခုတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကို အားကောင်းလာစေရန် ဆောင်ရွက်ခြင်း၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုများကို မြှင့်တင်ခြင်းနှင့် ၂၀၂၅-၂၀၃၀ ကာလအတွက် အမျိုးသားအဆင့် ဉာဏ်ရည်တု(AI)နည်းပညာ ဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ ဤလုပ်ဆောင်ချက်များသည် AI နည်းပညာကို ကုန်ထုတ်စွမ်းအားတိုးတက်စေခြင်း၊ ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေခြင်းနှင့် စီးပွားရေးဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပေးခြင်းတို့အတွက် အလားအလာရှိသောတွန်းအားတစ်ခုအဖြစ်ရှုမြင်လာကြောင်း ပြသနေသည်။

**ဉာဏ်ရည်တု(AI)နည်းပညာဆိုင်ရာ အမျိုးသားအဆင့်မျှော်မှန်းချက်**

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၂၅-၂၀၃၀ ကာလအတွက် ဉာဏ်ရည်တု(AI)နည်းပညာဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာသည် နိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောမူဘောင်တစ်ခုကို ပံ့ပိုးပေးထားသည်။ ဤမဟာဗျူဟာသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အဓိကကဏ္ဍများတွင် AI နည်းပညာကိုအသုံးပြုလာစေရန် အားပေးမြှင့်တင်ရင်း တစ်ဖက်တွင်လည်း AI ကို စတင်အသုံးပြုနိုင်ရေးအတွက် လိုအပ်သောအခြေခံအုတ်မြစ်များကို တည်ဆောက်ရန် ရည်ရွယ်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း AI (OECD.AI )၏ ဖော်ပြချက်အရ ကမ္ဘောဒီးယားနိုင်ငံ၏ချဉ်းကပ်မှုပုံစံတွင် လူသားအရင်းအမြစ်၊ ဒေတာ၊ ကွန်ပျူတာစနစ်ဆိုင်ရာအခြေခံအဆောက်အအုံနှင့် AI အသုံးချမှုများကဲ့သို့သော ကဏ္ဍများကို အားကောင်းလာစေရေးတို့ ပါဝင်သည်။ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှု အောင်မြင်စေရန်အတွက် ခေတ်မီဆန်းသစ်သောဆော့ဖ်ဝဲများကို ရရှိနိုင်ရုံမျှဖြင့်မလုံလောက်သောကြောင့် ဤအခြေခံအချက်များမှာ အလွန်အရေးကြီးသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် AI ကျွမ်းကျင်ပညာရှင်များ၊ ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်ကွန်ရက်များ၊ သင့်လျော်ကောင်းမွန်သော ဒေတာစနစ်များနှင့် ဆန်းသစ်တီထွင်မှုကို အားပေးသည့်မူဝါဒများလည်း လိုအပ်သည်။

ကမ္ဘောဒီးယားနိုင်ငံအတွက်မူ ဤအမျိုးသားအဆင့်မဟာဗျူဟာသည် အဆိုပါအချက်များကို ပေါင်းစပ်ညှိနှိုင်းပြီး AI ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုရှင်းလင်းသောလမ်းကြောင်းတစ်ခု ဖန်တီးနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်စေသည်။ ကုမ္ပဏီများနှင့် အဖွဲ့အစည်းအသီးသီးတွင် AI နည်းပညာကို သီးခြားစီ တီထွင်အသုံးပြုစေမည့်အစား အမျိုးသားအဆင့် မူဘောင်တစ်ခုရှိခြင်းအားဖြင့် အစိုးရမူဝါဒ၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုတို့ကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဤအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် အထူးပင်အရေးကြီးသည်။ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်အချို့ကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်စေခြင်းနှင့် ဗဟုသုတနှင့်ဝန်ဆောင်မှုပုံစံသစ်များကို ရယူနိုင်စေခြင်းတို့မှတစ်ဆင့် AI နည်းပညာသည် နိုင်ငံများကို သမားရိုးကျဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခက်အခဲတချို့ ကို ကျော်လွှားနိုင်ရန်ကူညီပေးနိုင်သည်။

**AI နှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ**

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဉာဏ်ရည်တု(AI) နည်းပညာကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခိုင်မာဆုံးသောအကြောင်းပြချက်တစ်ခုမှာ ၎င်းမှတစ်ဆင့်ရရှိနိုင်မည့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများပင်ဖြစ်သည်။ မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာဆန်းစစ်ချက်များအရ AI နည်းပညာသည် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅ ဘီလီယံမှ ၆ ဒသမ ၇ ဘီလီယံခန့်ထိ ပံ့ပိုးပေးနိုင်မည်ဟု ခန့်မှန်းထားသည်။ ၎င်းပမာဏသည် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP)၏ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်ထိ ရှိလာနိုင်ဖွယ်ရှိသည်။

ထိုကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များက AI နည်းပညာသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဘယ်ကြောင့် ပိုမိုအရေးပါသောကိစ္စရပ်တစ်ခုဖြစ်လာရသည်ကို ရှင်းလင်းစွာဖော်ပြနေသည်။ ဤနည်းပညာသည် ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် အခြားကဏ္ဍများတွင် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်စွမ်းရှိသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs)အတွက် AI သည် ယခင်က ကုမ္ပဏီကြီးများသာအသုံးပြုနိုင်ခဲ့သောကိရိယာများနှင့် နည်းပညာများကို ရရှိအသုံးပြုနိုင်စေမည့်အခွင့်အလမ်းကို ဖန်တီးပေးနိုင်သည်။ စီးပွားရေးလုပ်ငန်းများသည် ဖောက်သည်ဝန်ဆောင်မှုပေးခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ ဘာသာပြန်ခြင်း၊ အချက်အလက်များခွဲခြမ်းစိတ်ဖြာခြင်း၊ ကုန်ပစ္စည်းလက်ကျန်စီမံခန့်ခွဲခြင်း၊ စာရင်းကိုင်လုပ်ငန်းဆိုင်ရာအထောက်အပံ့နှင့် ခန့်မှန်းတွက်ချက်မှုများ ပြုလုပ်ခြင်းတို့အတွက် AI ကို အသုံးပြုနိုင်သည်။

**❖ AI နည်းပညာနှင့် ဒစ်ဂျစ်တယ်ဆက်သွယ်မှုစနစ်တို့ကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပိုမိုထိရောက်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးစနစ်ဆီသို့ ကူးပြောင်းနိုင်မည်ဖြစ်သည်။ ဈေးကွက်၊ ရာသီဥတုနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းစဉ်များအကြောင်း အချက်အလက်များပေးစွမ်းနိုင်သည့် မိုဘိုင်းဖုန်းအပလီကေးရှင်းများမှတစ်ဆင့် တောင်သူလယ်သမားများလည်း အကျိုးကျေးဇူးများရရှိနိုင်သည်။ ❖**

ဥပမာအားဖြင့် SME စီးပွားရေးလုပ်ငန်းတစ်ခုသည် AI စနစ်များကိုအသုံးပြု၍ ဖောက်သည်များ၏ နှစ်သက်သဘောကျမှုများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပြောင်းလဲလာသော ဈေးကွက်လိုအပ်ချက်များကို ဖော်ထုတ်သိရှိခြင်းတို့ပြုလုပ်နိုင်သည်။ ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီတစ်ခုအနေဖြင့် ပစ္စည်းပို့ဆောင်မည့်လမ်းကြောင်းများကို အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ရာတွင် AI ကို အသုံးပြုနိုင်သည်။ ကုန်ထုတ်လုပ်သူများအနေဖြင့်လည်း စက်ပစ္စည်းများတွင် ပြဿနာမဖြစ်ပွားမီ ကြိုတင်သိရှိနိုင်မည့် စနစ်များကိုအသုံးပြုကာ ကြီးမားသောကုန်ကျစရိတ်နှင့် လုပ်ငန်းရပ်တန့်မှုများဖြစ်ပေါ်စေမည့်ပြဿနာများကို AI အသုံးပြုကာ ကာကွယ်နိုင်မည်ဖြစ်သည်။

ဤနည်းပညာအသုံးချမှုပုံစံများသည် တစ်ခုချင်းစီအလိုက်ကြည့်လျှင် သေးငယ်သည်ဟု ထင်ရနိုင်သော်လည်း စီးပွားရေးလုပ်ငန်းပေါင်း ထောင်ပေါင်းများစွာတွင် ၎င်းတို့ကို ပေါင်းစပ်အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုသည် နိုင်ငံ၏ ကုန်ထုတ်စွမ်းအားကို သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးရေးကဏ္ဍကို ပြောင်းလဲတိုးတက်စေခြင်း**

စိုက်ပျိုးရေးသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတွင် အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး ဉာဏ်ရည်တု(AI)နည်းပညာအတွက်လည်း အဓိကအခွင့်အလမ်းသစ်တစ်ခုကို ဖန်တီးပေးလျက်ရှိသည်။ AI ကို အခြေခံထားသော စိုက်ပျိုးရေးနည်းပညာများသည် ရာသီဥတုဆိုင်ရာအချက်အလက်များ၊ မြေဆီလွှာအခြေအနေများ၊ သီးနှံဆိုင်ရာအချက်အလက်များနှင့် ဂြိုဟ်တုပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်သဖြင့် တောင်သူလယ်သမားများကို ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ကူညီပေးနိုင်သည်။ ထို့ပြင် တောင်သူလယ်သမားများသည် မိုးခေါင်ရေရှားမှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ ပိုးမွှားကျရောက်မှု သို့မဟုတ် သီးနှံရောဂါများဖြစ်ပွားမှုတို့နှင့်ပတ်သက်သည့် ကြိုတင်သတိပေးချက်များကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် AI နည်းပညာနှင့် ဒစ်ဂျစ်တယ်ဆက်သွယ်မှုစနစ်တို့ကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပိုမိုထိရောက်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်ရည်ရှိသော စိုက်ပျိုးရေးစနစ်ဆီသို့ ကူးပြောင်းနိုင်မည်ဖြစ်သည်။ ဈေးကွက်၊ ရာသီဥတုနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းစဉ်များ အကြောင်း အချက်အလက်များပေးစွမ်းနိုင်သည့် မိုဘိုင်းဖုန်းအပလီကေးရှင်းများမှတစ်ဆင့် တောင်သူလယ်သမားများလည်း အကျိုးကျေးဇူးများရရှိနိုင်သည်။ ရာသီဥတုဆိုင်ရာစိန်ခေါ်မှုများကို ခံစားရလွယ်ကူသောနိုင်ငံတစ်နိုင်ငံအတွက်မူ စိုက်ပျိုးရေးဆိုင်ရာဗဟုသုတနှင့် လက်ငင်းရရှိနိုင်သော အချက်အလက်တို့ကို ပေါင်းစပ်အသုံးပြုနိုင်စွမ်းသည် ပိုမိုအရေးပါလာနိုင်သည်။

**စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို ခေတ်မီစေခြင်း**

ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ဉာဏ်ရည်တု(AI)နည်းပညာမှ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံအနေဖြင့် အထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားသုံးပစ္စည်းများကဲ့သို့သောကဏ္ဍများတွင် အရေးပါသည့်ကုန်ထုတ်လုပ်မှုအခြေခံအုတ်မြစ်ကို တည်ဆောက်ထားပြီးဖြစ်သကဲ့သို့ ပိုမိုတန်ဖိုးမြင့်မားသောကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက်လည်း လုပ်ငန်းကဏ္ဍများကို ချဲ့ထွင်ရန်ကြိုးပမ်းလျက်ရှိသည်။

AI နည်းပညာသည် ထုတ်လုပ်မှုဆိုင်ရာစီမံကိန်းရေးဆွဲခြင်း၊ အရည်အသွေးထိန်းချုပ်ခြင်း၊ ကုန်ပစ္စည်းလက်ကျန်စီမံခန့်ခွဲခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုကောင်းမွန်စေခြင်းအားဖြင့် ဤကူးပြောင်းမှုကို အထောက်အကူပြုနိုင်သည်။ စက်ရုံများတွင် ကွန်ပျူတာအမြင်အာရုံစနစ်များကိုအသုံးပြု၍ ထုတ်ကုန်များ၏ချို့ယွင်းချက်များကို ပိုမိုမြန်ဆန်ပြီး တစ်သမတ်တည်းရှိသော စံနှုန်းဖြင့်ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။ ကြိုတင်ခန့်မှန်းပြုပြင်ထိန်းသိမ်းမှုစနစ်သည် စက်ပစ္စည်းများ ရပ်တန့်နေရသည့်အချိန်ကို လျှော့ချပေးနိုင်ပြီး AI ဖြင့် ပံ့ပိုးထားသောစီမံကိန်းရေးဆွဲမှုစနစ်များသည် ပြောင်းလဲလာသော မှာယူမှုအခြေအနေများနှင့်အညီ ကုမ္ပဏီများအနေဖြင့် ပိုမိုထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှုသည်လည်း အလားအလာကောင်းများရှိသည့် နယ်ပယ်တစ်ခုဖြစ်သည်။ ဒေသတွင်းကုန်ထုတ်လုပ်မှုကွန်ရက်များတွင်ကမ္ဘောဒီးယားနိုင်ငံ၏တည်ရှိမှုအနေအထားအရ ထိရောက်သော ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်မှုစနစ်များသည် ပိုမိုအရေးပါလာသည်။ AI နည်းပညာသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဝယ်လိုအားကို ခန့်မှန်းခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များကို အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ခြင်းနှင့် ကုန်ပစ္စည်းလက်ကျန်များကို စီမံခန့်ခွဲခြင်းတို့တွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အာဆီယံဒေသသည် ဒစ်ဂျစ်တယ်နှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာဈေးကွက်တစ်ခုအဖြစ် ပိုမိုပေါင်းစည်းလာသည်နှင့်အမျှ ဤ AI နည်းပညာအသုံးပြုမှုများသည် ကမ္ဘောဒီးယားနိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုအားကောင်းလာစေနိုင်မည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ရွှေဝါနဲ့အောင်နက်

သားသား၊ မီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"ရွှေဝါနဲ့အောင်နက်"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကပေါ့ကွယ် လယ်သမားကြီး တစ်ယောက်ရဲ့အိမ်မှာ ရွှေဝါလို့ခေါ်တဲ့ကြောင်က လေးတစ်ကောင်နဲ့အောင်နက်လို့ခေါ်တဲ့ ခွေးကလေး တစ်ကောင်ရှိသတဲ့ကွယ်။ လယ်သမားကြီးက တိရစ္ဆာန်လေးတွေကိုချစ်တတ်တော့ ရွှေဝါနဲ့ အောင်နက်ကို အစာဝဝကျွေးပြီးသေချာဂရုတစိုက် မွေးမြူထားခဲ့တာပေါ့။ ဒါကြောင့်မို့ အစာဝဝစား နေရတဲ့ ကြောင်ကလေးရွှေဝါနဲ့ ခွေးကလေး အောင်နက်ဟာဝဖီးနေသတဲ့ကွယ်။

"အောင်နက်ရေ ငါလယ်ထဲသွားမလို့ အိမ်ကို သေချာစောင့်နေနော်" လို့လယ်သမားကြီးကပြောပြီး လယ်ထဲထွက်လာခဲ့ သတဲ့ကွယ်။ဒီလိုလယ်သမားကြီး ကမှာထားခဲ့ပေမဲ့ ခွေးကလေးအောင်နက်ဟာ အစာတွေအများကြီးစားထားတာကြောင့် ဗိုက်လေး ပြီးအိပ်ပျော်သွားသတဲ့ကွယ်။

ဒီလိုနဲ့ ခွေးကလေးအောင်နက် အိပ်ပျော် နေချိန်မှာပဲ သူခိုးတစ်ယောက်ကခြံထဲဝင်လာခဲ့ သတဲ့ကွယ်။ သူခိုးဝင်လာတာကို ကြောင်ကလေး ရွှေဝါကမြင်တော့ ခွေးကလေးအောင်နက်ကိုနှိုးပြီး " အောင်နက်ရေ ခြံထဲကိုသူခိုးဝင်လာတယ် မောင်းထုတ်ပေးပါအုံး"လို့ပြောလိုက်သတဲ့ကွယ်။ဒီလို ကြောင်ကလေးရွှေဝါကပြောပေမဲ့ ခွေးကလေး အောင်နက်က မကြားဟန်ဆောင်ပြီး ဆက်အိပ်နေခဲ့ တာပေါ့ကွယ်။ ဒါကြောင့်မို့ သူခိုးဟာ တစ်အိမ်လုံး ကိုမွှေနှောက်ရှာဖွေပြီး လယ်သမားကြီးရဲ့ပစ္စည်း တွေကို အကုန်ခိုးယူသွားခဲ့သတဲ့ကွယ်။

ဒီလိုနဲ့ လယ်သမားကြီးလယ်ထဲကနေပြန်ရောက် လာတဲ့အခါ သူ့ရဲ့ပစ္စည်းတွေကို သူခိုးခိုးသွားပြီဆိုတာ သိလိုက်ရတဲ့အတွက် ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုနေခဲ့တာပေါ့ကွယ်။ ဒါပေမဲ့ လယ်သမားကြီးဟာ သူ့ရဲ့အိမ်ကိုသေချာမစောင့်ရှောက်တဲ့ ခွေးကလေး အောင်နက်ကိုဒေါသထွက်ပေမဲ့ မောင်းထုတ်မပစ် ခဲ့ဘူးတဲ့ကွယ်။ ခွေးကလေးအောင်နက်ကတော့ သူ့ရဲ့အမှားကို မသိချင်ယောင်ဆောင်ပြီး သူ့ရဲ့အမှား မဟုတ်ဘူးလို့တွေးရင်း အိပ်မြဲအိပ်နေခဲ့တာပေါ့။

ခွေးကလေးအောင်နက် အိပ်နေတာကိုမြင်တော့ ကြောင်ကလေးရွှေဝါက " ကိုအောင်နက် ခင်ဗျားရဲ့ ပေါ့ဆမှုကြောင့် အိမ်ကိုသူခိုးဝင်ခိုးသွားပြီ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ဘာလို့မလုပ်တာ လဲ " လို့ပြောလိုက်သတဲ့ကွယ်။ ဒီလို ကြောင်ကလေး ရွှေဝါပြောလိုက်တဲ့အခါ ခွေးကလေးအောင်နက်က ဒေါသတကြီးနဲ့ " ဟေ့ကောင် ရွှေဝါ မင်းပါးစပ်ပိတ်



ထား ထပ်ပြောရင် မင်းကိုငါကိုက်ရလိမ့်မယ် " လို့ ပြန်ပြောသတဲ့ကွယ်။ဒါကြောင့်မို့ကြောင်ကလေးရွှေဝါ က ဘာမှထပ်မပြောတော့ဘဲ ခွေးကလေးအောင်နက် နဲ့ဝေးရာကိုရှောင်ထွက်လာခဲ့သတဲ့ကွယ်။

ကြောင်ကလေးရွှေဝါက သူ့ရဲ့ကြွက်ခုပ်ရတဲ့ တာဝန်ကို ကျေပွန်အောင်အမြဲလုပ်နေတော့ လယ်သမားကြီးက ကြောင်ကလေးရွှေဝါကို ပိုချစ် သတဲ့ကွယ်။ကြောင်ကလေးရွှေဝါက လယ်သမားကြီး ရဲ့ကောက်ပဲသီးနှံတွေကို ကြွက်တွေမဖျက်ဆီးနိုင် အောင်အမြဲစောင့်ရှောက်နေရလို့ သူ့မှာအားလပ်ချိန် သိပ်မရှိဘူးပေါ့ကွယ်။ ကြောင်ကလေးရွှေဝါက ကြွက် တွေဖမ်းရင်း အလုပ်ရှုပ်နေချိန်မှာ ခွေးကလေး အောင်နက်ကမကူညီဘဲ အိပ်မြဲအိပ်နေခဲ့သတဲ့ ကွယ်။ ဒါကိုမြင်တဲ့ လယ်သမားကြီးဟာစိတ်ဆိုးပြီး " အောင်နက် မင်းငါ့အိမ်ကနေထွက်သွားတော့ " လို့ ပြောလိုက်သတဲ့ကွယ်။ ဒါကို ခွေးကလေးအောင်နက် က သူ့ရဲ့အမှားအတွက် လယ်သမားကြီးကို မတောင်းပန်ဘဲ မာနကြီးစွာနဲ့အိမ်ကနေထွက်လာခဲ့ တာပေါ့ကွယ်။

ဒီလိုနဲ့ လယ်သမားကြီးရဲ့အိမ်ကနေထွက်လာခဲ့တဲ့ ခွေးကလေးအောင်နက်ဟာ ခြေဦးတည့်ရာကို လျှောက်သွားရင်း အချိန်ကြာလာတော့ ဗိုက်ဆာ လာသတဲ့ကွယ်။ဒါကြောင့်မို့ လမ်းနံဘေးကအိမ်တစ် အိမ်ကို အစာတောင်းဖို့ဝင်လိုက်သတဲ့ကွယ်။ ဒါပေမဲ့ ခွေးကလေးအောင်နက်ခြံထဲဝင်လာတာကို အဲဒီ အိမ်ရှင်ကမြင်ရတဲ့အခါ တုတ်နဲ့လိုက်ရိုက်ပြီး မောင်းထုတ်လိုက်သတဲ့ကွယ်။ ခွေးကလေး အောင်နက်ကို ဘယ်အိမ်ကမှလက်မခံဘဲ မောင်းထုတ်ကြသတဲ့ကွယ်။ ခွေးကလေးအောင်နက် က အိမ်ရှင်တွေမောင်းထုတ်တာကြောင့် ကြောက် အားလန့်အားနဲ့ ထွက်ပြေးခဲ့ရတာပေါ့ကွယ်။ မောပန်းတကြီးပြေးလာခဲ့ရတဲ့ ခွေးကလေးအောင် နက်ဟာ သစ်ပင်တစ်ပင်အောက်ကိုဝင်အိပ်ရင်း "ဒီ အချိန်ဆို ကြောင်ကလေးရွှေဝါတော့ အစား ကောင်းကောင်းတွေစားနေရမှာပဲ" လို့ တွေးရင်း သူ့ရဲ့အမှားတွေအတွက် နောင်တရမိသတဲ့ကွယ်။ ဒါကြောင့်မို့ ခွေးကလေးအောင်နက်ဟာ သူ့ရဲ့အမှား တွေကို လယ်သမားကြီးဆီမှာတောင်းပန်ပြီး သူ့ရဲ့ တာဝန်တွေကို ကျေပွန်အောင်ပြန်လုပ်မယ်လို့ တွေးရင်း လယ်သမားကြီးဆီ ပြန်လာခဲ့သတဲ့ကွယ်။

လယ်သမားကြီးဆီပြန်ရောက်တော့ ခွေးကလေး အောင်နက်ဟာ သူ့ရဲ့အမှားတွေကိုခွင့်လွှတ်ပေးဖို့ တောင်းပန်ခဲ့သတဲ့ကွယ်။ ဒါကြောင့်မို့လယ်သမားကြီး က ခွေးကလေးအောင်နက်တောင်းပန်တာကြောင့် သူ့ရဲ့အမှားတွေကိုခွင့်လွှတ်ရင်း "ကိုယ့် တာဝန်ကိုယ် ကျေပွန်အောင်လုပ်ရမယ်နော် " လို့ ခွေးကလေး အောင်နက်ကိုပြောလိုက်သတဲ့ကွယ်။ အဲဒီနောက်မှာ တော့ ကြောင်ကလေးရွှေဝါလိုပဲ ခွေးကလေး အောင်နက်ဟာ ကိုယ့်တာဝန်ကိုယ်ကျေအောင် အလုပ်တွေလုပ်ရင်း လယ်သမားကြီးရဲ့အိမ်မှာ ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားခဲ့သတဲ့ကွယ်။

ကဲ...သားတို့ သမီးတို့ရေ ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ ဒီပုံပြင်လေးထဲမှာတော့ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင်မလုပ်ဘဲ မာနကြီးတဲ့ ခွေး ကလေးအောင်နက်ကို သားတို့သမီးတို့ တွေ့ကြရမှာ ပါ။ဒါပေမဲ့ နောက်ဆုံးမှာ ခွေးကလေးအောင်နက်ဟာ သူ့ရဲ့အမှားတွေကိုသိပြီး လယ်သမားကြီးဆီမှာ တောင်းပန်ခဲ့တာကို သားတို့သမီးတို့ မမေ့နဲ့အုံးနော်။ ဒါကြောင့်မို့ သားတို့သမီးတို့ကလဲ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်ပြီး မာနကင်းစွာနဲ့ အမှားအမှန် ကိုခွဲခြားတတ်တဲ့ လူငယ်မောင်မယ်ကလေးတွေ ဖြစ်အောင် ကြိုးစားကြရမယ်နော်။ ကဲ...သားတို့ သမီးတို့ရေ ဒီတစ်ပတ်ပုံပြင်လေးကတော့ ဒီလောက် ပါပဲကွယ်။

ငြိမ်းချမ်းအောင်(နတ်တလင်း)

## သုတဘဏ်


À ပန်းပွင့်ပေါ်မှာ ပျံလို့ဝဲ
ပျားလုပ်သားလေးပဲ။

À ဖွဲ့ဝီရိယ အရင်းတည်
ဝတ်ရည်သယ်ကြသည်။

À ပန်းပွင့်ဝတ်ရည် ချိုတကား
အလွန်အကျိုးများ။

À မနေမနား ကြိုးစားလေ
ပျားကိုနည်းယူစေ။

À ပျားကိုလေ စံပမာထား
ပညာစုလို့သွား
သုတပြည့်စုံသွား။ ။



သုတလင်း(ဆင်ပေါင်ဝဲ)

## အလှဆုံး

À စံပယ်ဖူးလေး မပွင့်သေး
လှပသင်းကြူမွှေး။

À နှင်းဆီဖူးလေး အလှဖြာ
ဆင်းရနံ့ထုံစွာ။

À ခူးကြပါစို့ ပျော်မဆုံး
ခေါင်းမှာပန်လို့ပြုံး။

À ကိုယ်စိတ်နှလုံး ပြုံးလို့ရွှင်
မေတ္တာပန်းကိုဆင်။

À အပြစ်မမြင် ဖြူအောင်ထား
လှပတဲ့လူသား။ ။



မောင်ကြည်လင်(ရွှေကြိုးကြာ)

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## Myanmar Mobile Money(MMM) ကို

အသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ စျေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက-ဆည်ရွာ၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်စိုးမိုး၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနိုင်** ဖြစ်ပါကြောင်း။ **ဦးနိုင်(၅/ငဇန(နိုင်)၀၆၆၇၉၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက (ခွဲ)လိပ်ဆံခွန်၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်ထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးခင်မောင်တင်** ဖြစ်ပါကြောင်း။

**ဦးခင်မောင်တင်(၉/အမရ(နိုင်)၁၂၆၉၅၂)**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံပဟိန်းပညာရေးကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးငြိမ်းချမ်းမောင်၏သား မောင်သျှိုင်းသူရညိမ်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်သျှိုင်းသူရငြိမ်း** ဖြစ်ပါကြောင်း။**မောင်သျှိုင်းသူရငြိမ်း**

## ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(၁)၊ Grade-12 တွင်ပညာသင်ကြားနေသော မချမ်းမြေ့သူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်သန်း** ဖြစ်ပါကြောင်းနှင့် မချမ်းမြေ့သူ၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၆-၂၀၀၉ ဖြစ်ပါကြောင်း။ **မချမ်းမြေ့သူ၊ ၂၅-၆-၂၀၀၉၊**

**ဦးကျော်သန်း(၉/အမရ(နိုင်)၀၅၄၈၀၅)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မအိသက်နိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးထွန်းနိုင်**ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်**
**(၉/ကဆန(နိုင်)၁၀၉၃၁၃)**

## မွေးသက္ကရာဇ်အမှန်

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောအထက၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းလင်းဦး၏သမီး မသွန်းရတီလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၂၀၁၇ ဖြစ်ပါကြောင်း။

**မသွန်းရတီလင်း၊**
၂၇-၁-၂၀၁၇

## ပျောက်ဆုံးကြောင်း

သီပေါမြို့နယ်၊ ထုံ့စင်ရွာနေ မောင်အောင်နိုင် (ဘ) ဦးလီကျင်ဂွပ်(၁၃/သပန(နိုင်)၁၀၇၈၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-177675)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-777789123**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၉)နေ ဒေါ်ထက်သျှန်ဝေ (ဘ) ဦးနှင်းဝေ(၁၃/လရန(နိုင်)၂၂၄၆၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-687368123**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ မောင်မိုးမြင့်ဟိန်း (ဘ) ဦးတုံပေါက်ခိုင်(၁၃/ကခန(နိုင်)၀၃၇၄၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-461175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-265998848**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်နေ ကျော်နိုင်ထွန်း (ဘ) ဦးဝင်းမင်းထွန်း(၁၁/မပန(နိုင်)၁၄၉၇၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **09-250455052**

## ကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကွေ့ကြီးကုန်းတွင်နေထိုင်သော ကိုဇာနည်ကိုကို၊ ကိုဝဏ္ဏကိုကို၊ ကိုနိုင်သူရ + မသီရိရတနာကိုကို၊ ကိုမျိုးသူရအောင် တို့၏မိခင် မဆုသီရိသျှင်၊ မယွန်းယွန်း၊ မောင်သီဟနိုင်စွမ်း၊ မယုရီတို့၏ အဖွား ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး၊ သုဓမ္မမဏိဇောတရေစီမံထူးချွန် ဦးကိုကိုလေး၏ဇနီး

**ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး**

**ဒေါ်ခင်မာကြည် အသက် (၆၅)နှစ်**

နာမကျန်းဖြစ်စဉ်က အနီးကပ်ပြုစုကုသပေးကြပါသော ပြင်ဦးလွင်မြို့၊ အောင်သစ္စာအထူးကုဆေးရုံကြီးမှ အထူးကုပါရဂူကြီးများ၊ ဆရာဝန်၊ ဆရာမများအား အထူးအထူး လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့် (၁၅-၉-၂၀၂၆) ရက်တွင် အေးရိပ်ငြိမ်သုသာန်သို့ ဂူသွင်းသင်္ဂြိုလ်သော စျာပနသို့ လိုက်ပါပို့ဆောင်၊ ကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟအပေါင်းနှင့် ဆွေမျိုးများအား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ရတနာပုံ ယနေ့ဖတ်စရာ

ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

စာမျက်နှာ - ၁၈

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲများ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ

**စာမျက်နှာ ၁၉ ကော်လံ ၁** ☆

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပစဉ်။

## အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း Teqball Women's Single ပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ Teqball Women's Doubles ပြိုင်ပွဲတို့တွင် မြန်မာအသင်း ဗိုလ်လုပွဲသို့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ (Nagoya City Higashi Sports Center)တွင် ကျင်းပလျက်ရှိသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်းမှ နည်းပြ နှစ်ဦးနှင့် အားကစားသမား လေးဦးတို့သည် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

တက်ဂ်ဘော အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ (Teqball Women's Single)ကို စက်တင်ဘာ ၁၈ ရက်တွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမား ခင်နှင်းဝေသည် ကာဂျစ်စတန်အသင်း၊ အင်ဒိုနီးရှားအသင်း၊ လက်ဘနွန်အသင်းတို့နှင့်

**စာမျက်နှာ ၂၃ ကော်လံ ၁** ◆






## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်း၌လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌လည်းကောင်း ဖုန်လေးဖုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာဇုန်လေးဇုန်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**စာမျက်နှာ ၂၃ ကော်လံ ၄** ■

ရတနာပုံ ယနေ့ဖတ်စရာ

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲကြီးကို ကြိုဆို

ဆောင်းပါး စာမျက်နှာ - ၁၀


ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၁၁၉၁၈ ဧက စိုက်ပျိုးမည်

စာမျက်နှာ - ၅

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၃ ကော်လံ ၄** ●




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။